# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ **လောကဝဂ်(ဓမ္မပဒ-၁၇၀)**


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday, 25 August 2025 ၁၁၉၂၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»»





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခင်ငြိမ်းချမ်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**

MSME ဆိုတာ ဘာလဲ — စာမျက်နှာ » ၆

လျှောင်ကာလအလွန် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သော ပညာရှင်များအား ဂုဏ်ပြုချီးမြှင့် — စာမျက်နှာ » ၁၀

ချစ်ခြင်းကို မခွဲပါနဲ့ — စာမျက်နှာ » ၁၆

အန္တာတိကရေခဲလွှာကြီး ပြိုကျပြီး ပင်လယ်ရေ မျက်နှာပြင် ၁၀ ပေနီးပါး မြင့်လာနိုင် — နည်းပညာနဲ့သုတကမ္ဘာ စာမျက်နှာ » ၂၂

ကြေးမုံ

# မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒပြုရလဒ်မှန်ကန်မှုကိုသက်သေထူ

မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲအပိုင်း(၁) အဖြစ် ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် သိက္ခာရှိသောရွေးကောက်ပွဲ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရားမျှတသောရွေးကောက်ပွဲဖြစ်စေရန် ၂၀၂၀ ရွေးကောက်ပွဲကာလက ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုမျိုးမဖြစ်စေရန်အတွက် အီလက်ထရောနစ်မဲပေးစနစ်ကို နိုင်ငံတော်က ငွေကြေးများစွာအကုန်အကျခံ၍ ဆောင်ရွက်ပေးထားသည်။

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲပေးရာတွင် မဲပေးမည့်သူသည် လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့်သာ မဲပေးရမည်ဖြစ်သည်။ အီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုခြင်းအားဖြင့် နားလည်ရလွယ်ကူပြီး မဲပေးရာတွင်မြန်ဆန်ခြင်း၊ ပယ်မဲဖြစ်ပေါ်မှုမရှိခြင်း၊ မဲရုံပိတ်သိမ်းချိန်တွင် ယခင်ကကဲ့သို့ မဲလက်မှတ်များကို ထုတ်ယူရေတွက်မှုမျိုးမပြုလုပ်ရဘဲ မဲပေးသူအရေအတွက်နှင့် ပါတီအလိုက် မဲရလဒ်အရေအတွက်ပါသည့် မဲရလဒ်အဖြေစာရွက်ကို မဲပေးစက်ပရင်တာဖြင့် ထုတ်ပေးခြင်း၊ စက္ကန့်ပိုင်းအတွင်း အဖြေထွက်ရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်းနှင့် တိကျသောမဲရလဒ်များရရှိခြင်းဟူသည့် အားသာချက်များရှိသည်။

ထို့အပြင် ပါတီအလိုက် မဲရလဒ်များကို အချိန်နှင့်တပြေးညီ အတိအကျဖြင့် အဖြေရရှိခြင်း၊ မဲပေးစက်၊ မဲပုံး၊ ထိန်းချုပ်စက်များတွင်ပါရှိသည့် စက်နံပါတ်များ အတိအကျဖြင့် မဲရလဒ်စာရွက်များထွက်ရှိခြင်း၊ မဲလက်မှတ်များကို ဖွင့်ဖောက်စရာမလိုခြင်း၊ မဲလက်မှတ်များကို မဲရလဒ်အပေါ် ကန့်ကွက်လွှာတင်ခြင်း မရှိသည့်အချိန်မှသာ ဖွင့်ဖောက်စစ်ဆေးခြင်း၊ အင်တာနက်၊ ဝိုင်ဖိုင်၊ ဘလူးတုစနစ်များ မပါရှိခြင်း၊ မိုဘိုင်းဖုန်း၊ ကွန်ပျူတာကဲ့သို့ နည်းပညာစနစ်များ မပါဝင်ခြင်း၊ မိုက်ခရိုကွန်ထရိုလာစနစ်ဖြစ်သည့်အတွက် ရိုးရှင်းပြီး လုံခြုံစိတ်ချရသောစနစ်ဖြစ်ခြင်း၊ မဲရုံအတွင်း၌ အများမြင်သာနေရာ၌ တပ်ဆင်ထားခြင်း၊ မဲပေးရန် အသုံးပြုထားသောခလုတ်များသည် အကြိမ်ရေသန်းချီ၍ အသုံးပြုနိုင်သော ခလုတ်များဖြစ်ခြင်းတို့ ပါဝင်သည်။

MEVM စနစ်တွင် မဲပေးသူပြည်သူတစ်ဦးအနေဖြင့် မဲပေးစက်တွင် မီးစိမ်းပြမှသာ မိမိနှစ်သက်ရာပါတီနှင့် လူပုဂ္ဂိုလ်ကိုမဲပေးနိုင်ခြင်း၊ မဲရလဒ်အဖြေစာရွက်ကို မဲပေးသူရှေ့မှောက်တွင် မြင်သိပြီးမှ မဲပေးစက်မှထွက်ခွာနိုင်ခြင်း၊ ထူးထူးခြားခြားရှုပ်ထွေးမှုမရှိခြင်း၊ ယခင်ရွေးကောက်ပွဲများကဲ့သို့ မဲဆန္ဒရှင်ပြည်သူတစ်ဦးကပေးသည့် ပါတီနှင့် လူပုဂ္ဂိုလ်မှားယွင်းမှုမဖြစ်နိုင်ခြင်း၊ မဲပေးစက်ကို မြန်မာဘာသာစကားဖြင့် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် တိုင်းရင်းသားဒေသများ၌ (ဥပမာ မြန်မာ-ရှမ်း) နှစ်ဘာသာဖြင့် ဆောင်ရွက်ပေးခြင်းများလည်းပါဝင်သဖြင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ တိုင်းရင်းသားပြည်သူများအားလုံး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်မဲပေးခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။ ပြည်သူများလိုလားသည့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ပွဲစနစ်ဖြင့် မှန်မှန်ကန်ကန် ရွေးချယ်ခြင်းဖြင့်သာရရှိနိုင်မည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့် နိုင်ငံရေးအင်အားသစ်များကို ရွေးချယ်ပေးကြရမည်ဖြစ်သည်။ တိုင်းပြည်အတွက် အကောင်း/အဆိုးရလဒ်များကို ကနဦးအဆုံးအဖြတ်ပေးမည့် အခင်းအကျင်းဖြစ်သဖြင့် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း သေချာစဉ်းစားဆုံးဖြတ် ရွေးချယ်ပြီး ပါဝင်မဲပေးကြရန်လိုသည်။ နိုင်ငံသားအားလုံး မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးရမည့်တာဝန်မှာ နိုင်ငံတော်၏ တာဝန်ဖြစ်သလို နိုင်ငံသားများကလည်း မဲပေးခြင်းဖြင့် နိုင်ငံအတွက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ရွေးကောက်ပွဲဖြစ်စဉ်များတွင် ပြီးခဲ့သည့်ရွေးကောက်ပွဲကာလ၌ မဲပေးခြင်းလုပ်ငန်းစဉ်များအပါအဝင် အရုပ်ဆိုးအကျည်းတန်စရာ အခြေအနေများစွာနှင့်ကြုံတွေ့ခဲ့သည်။ မရိုးသားမှုများ၊ စနစ်မကျမှုများ၊ ဘက်လိုက်မှုများ၊ ဥပဒေနှင့်မညီညွတ်မှုများ ပြည်သူများ ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားအမျိုးမျိုး၊ လူမျိုးအစုံစုံ၊ ယုံကြည်ချက်အသီးသီးရှိကြသော်လည်း အင်အားများသည့်အစုအဖွဲ့၏ အဓမ္မအနိုင်ယူလိုမှုကြောင့် စိတ်မချမ်းမြေ့ဖွယ်ရာအခြေအနေများနှင့် တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူပြီး ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်သူတို့၏ဆန္ဒအမှန်ကို တိကျမှန်ကန်သည့် အီလက်ထရောနစ်မဲပေးစနစ်ဖြင့် မဲပေးနိုင်အောင် တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ထားပါကြောင်း။ ။




ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## အလုံမြို့နယ်၌ အလုပ်တွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ်လ ဒုတိယပတ်က အလုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အလုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော City Mart Holding Co., Ltd.မှ အာမခံအလုပ်သမားဒေါ်နှင်းယုလှိုင်၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့်ငွေကျပ် ၉၀၀၀၀၀၀ ကို သေဆုံးသူ၏ ဖခင် ဦးသိန်းဝင်း (ခ) ဦးသောဘိတထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ (ဒုတိယဦးစီးမှူး)၊ အလုပ်ဌာနမှ တာဝန်ရှိသူများ၏ရှေ့တွင် လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## ၂၄ - ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | | | |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»» ရှေ့ဖုံးမှ

ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက “ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ပညာအရာတွင် ထူးချွန်ထက်မြက်သူ၊ အများထက်သာလွန်သည့် ဉာဏ်ပညာရှိသူ၊ ဖွဲ၊ လုံ့လ၊ ဝီရိယများနှင့် ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ကြိုးစားအားထုတ်အောင်မြင်ကြသူများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုအပ်နှင်း ချီးမြှင့်သည့် အခမ်းအနားပင် ဖြစ်ကြောင်း၊ ထိုသို့အောင်မြင်မှုများ ရရှိခြင်းသည် လွယ်လွယ်ကူကူနှင့်ရခဲ့ခြင်း မဟုတ်ဘဲ ငယ်စဉ်ကတည်းက ပညာကို ကြိုးစားသင်ယူလိုစိတ်များ စိမ့်ဝင်စွဲမြဲခဲ့ပြီး ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို မရရအောင် သန္နိဋ္ဌာန်ချ အရောက်လှမ်းရယူနိုင်ခဲ့၍သာ ရရှိခြင်းဖြစ်ကြောင်း၊ ထိုသို့ထူးခြားသည့် ဝိသေသရှိသူများကို ဂုဏ်ပြုချီးမြှောက်ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ မင်္ဂလာတစ်ပါးလည်း ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် **“လူငယ်တွေရဲ့အား”** နှင့် တည်ဆောက်မှ ရနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များသည် အသိဉာဏ်ပညာပြည့်ဝသည့် ပညာတတ်များဖြစ်ရန် လိုအပ်သလို နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့်ပညာတတ်လူငယ်များကို အစဉ်ချီးမြှောက် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခြင်းကို အစဉ်အလာကောင်းတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**❖ နိုင်ငံတော် စဉ်ဆက်မပြတ် တိုးတက်ခိုင်မာစေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် “အမျိုးသားပညာရေးကဏ္ဍ” ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပုံဖော်ပေးနေသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း နိုင်ငံသားတိုင်း ပညာအလင်းရရှိစေရန်၊ ပညာရည်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျရာကဏ္ဍမှ ပြည်သူ့အကျိုးကို သယ်ပိုးနေသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်**

**❖ ပညာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို “အမျိုးသားရေး တာဝန်တစ်ရပ်” အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ဦးလည်မသုန် ထမ်းဆောင်နေကြခြင်းဖြစ်၍ ပညာရေးဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလို**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မောင်ကြံ့ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

“ပညာ” ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် **“အသိဉာဏ်”** ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အသိဉာဏ်ပညာ ပြည့်စုံကြမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် စစ်မှန်သည့် အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် တိုးတက်ခိုင်မာစေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **“အမျိုးသားပညာရေးကဏ္ဍ”** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပုံဖော်ပေးနေသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း နိုင်ငံသားတိုင်း ပညာအလင်းရရှိစေရန်၊ ပညာရည်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျရာကဏ္ဍမှ ပြည်သူ့အကျိုးကို သယ်ပိုးနေသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ တစ်နည်းဆိုပါက ပညာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို **“အမျိုးသားရေး တာဝန်တစ်ရပ်”** အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ဦးလည်မသုန် ထမ်းဆောင်နေကြခြင်းဖြစ်၍ ပညာရေးဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီ သဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှု မြင့်မားရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ် ရှိကြရန်လိုကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ ဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယခုနှစ်တွင် အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး၏ ဆိုးရွားသည့် ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသော်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်မှုများဖြင့် အခက်အခဲများ၊ အဟန့်အတားများကို တုံ့ဆိုင်းမှုမရှိ ကျော်လွှားနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် တက္ကသိုလ်များ၊ ကျောင်းများကို အခက်အခဲများကြားမှ အတတ်နိုင်ဆုံး မရပ်မနား ပုံမှန်ဖြစ်အောင် ဖွင့်လှစ်ပြီး အန္တရာယ်များကြားက စိတ်ကောင်း စေတနာများဖြင့် သင်ကြားရေး အဆက်မပြတ်အောင် ကြိုးစားဆောင်ရွက်ခဲ့ခြင်းများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများသည် ပညာရေးသမိုင်းတွင် မှတ်တမ်းကောင်းတစ်ခုအဖြစ် ဂုဏ်ယူရမည် ဖြစ်ကြောင်း။

ထိုသို့ အခက်အခဲများကြားက ရုန်းထပြီး စစ်မှန်သည့် အရည်အသွေးနှင့် အရည်အချင်းကို ထုတ်ဖော်ပြနိုင်ခဲ့သည့် အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် ၁၉၆ ဦးအထိ ပေါ်ထွက်လာခဲ့ကြောင်း။

**စာမျက်နှာ ၄ သို့ »»**

»»» စာမျက်နှာ ၃ မှ

ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြား၊ ဘာသာတွဲအလိုက် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ ဆုတန်ဖိုးပမာဏထက် ဆုရရှိသူများ၏ ကြိုးစားမှု၊ အောင်မြင်မှုဂုဏ်ဒြပ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ထူးချွန်ထက်မြက်သည့် လူငယ်များကို ဂုဏ်ပြုချီးမြှောက်လိုသည့် ဆန္ဒကအဆမတန် သာလွန်နေသည်ဆိုသည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် ယမန်နှစ်ကကဲ့သို့ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့ကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ပြည်ပလေ့လာရေး ခရီးစဉ်များ စေလွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထူးချွန်မောင်မယ်များအနေဖြင့် အခြေခံပညာ သင်ယူစဉ်တွင် အလေ့အကျင့် ကောင်းများနှင့် အစွမ်းကုန်ကြိုးစားခဲ့ကြသလိုလည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် မှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံ့အခင်းအကျင်းသာမက ကမ္ဘာ့အခင်းအကျင်းကိုပါ မျက်ခြည်မပြတ် လေ့လာနေရန်၊ မှန်ကန်သည့်အတွေးအမြင်များ ရှိရန်လိုအပ်ကြောင်း၊ သုတေသနအခြေပြု လေ့လာမှုများမှတစ်ဆင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ် စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မှာ ဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှု များပြားလာကြောင်း၊ အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ဝါသနာပါသည့်၊ စိတ်ဝင်စားသည့် ပညာရပ်များကို မှန်မှန်ကန်ကန် ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊ အဆင့်မြင့်ပညာသင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကိုလေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများကို အထောက်အကူ ပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာ သင်ယူခြင်းအားဖြင့် ထိုအထဲတွင် ကျင့်ဝတ်မဲ့ သတင်းတု သတင်းမှားများနှင့် လုပ်ကြံသတင်းများက လွဲမှားသည့်အတွေး အခေါ်၊ အယူအဆများ စိမ့်ဝင်လာနိုင်သည်ကို အသိ၊ သတိ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်နေထိုင်ကြရန် လိုကြောင်း၊ လူငယ်များအနေဖြင့် ခေတ်ရေစီးကြောင်း အလိုက် ကောင်းမွန်သည့် တိုးတက်မှုနည်းလမ်းများကို ရှာဖွေရမည်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်များ မေးမှိန်ပျောက်ကွယ် မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်း။

လူငယ်များအနေဖြင့် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့်အရာအားလုံးကိုဉာဏ်ပညာနှင့် ဆန်းစစ်၊ သုံးသပ်၊ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် အတွက် ကျောင်းသင်ခန်းစာများ၊ ဘဝအတွေ့အကြုံများကနေ သင်ယူနိုင်သည့်အပြင် စာအုပ်စာပေ ဖတ်ရှုခြင်းမှတစ်ဆင့်လည်း လေ့လာသင်ယူ ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းများတွင် စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ လူငယ်များအနေဖြင့်လည်း အကျိုးရှိသည့် စာအုပ်စာပေများကို များများဖတ်ရှုကြရန် အလေးအနက်ထားပြီး မှာကြားလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များတွင် အသက်အရွယ်နှင့် ပညာအဆင့်အလိုက် လေ့လာသင့်ပြီး အကျိုးရှိသည့် စာအုပ်စာစောင်များရှိအောင် ဖြည့်ဆည်းပေးရန်ကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ထူးချွန်မောင်မယ်များအနေဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့်သူဖြစ်ရန် ပထမဦးစွာ မိမိကိုယ်မိမိ ကောင်းမွန်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့် လူတော်၊ လူကောင်း၊ လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်၊ မိမိတို့ ကိုးကွယ်သည့် ဘာသာတရား၏ အဆုံးအမနှင့် တစ်ပါးသူအပေါ် ကိုယ်ချင်းစာတရား၊ သည်းခံခွင့်လွှတ်ခြင်းဆိုသည့် အခြေခံစိတ်ဓာတ်ကောင်းကို မွေးမြူကြရန်၊ အတ္တနှင့်ပရအကျိုးနှစ်ဝကို မျှမျှတတ လက်ခံကျင့်သုံးကာ ဘက်ပေါင်းစုံတွင် ထူးချွန် ထက်မြက်ပြီး ဂုဏ်ကျက်သရေ တင့်တယ်သည့် နိုင်ငံ့သားကောင်းများ အဖြစ်မှသည် ကမ္ဘာ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် ယနေ့အချိန်တွင် လူငယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း၊ “အာရောဂျံ ပရမံလာဘံ” ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အရေးကြီးကြောင်း၊ ကျန်းမာသန်စွမ်းပြီး ပညာကို ဘဝတစ်လျှောက် သင်ယူနိုင်ရန် ကိုယ်လက်လှုပ်ရှား အားကစားကို လေ့လာလိုက်စားကြရန် လိုကြောင်း၊ ထို့ကြောင့် “ဗလငါးတန်” နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင်ကြိုးစားပြီး ကျင့်ကြံနေထိုင်ကြရန် မှာကြားလိုကြောင်း။

အမျိုးသားစည်းကမ်းအစစာသင်ကျောင်းကဆိုသည့် ဆောင်ပုဒ်အတိုင်း KG+12 ပြီးမြောက်အောင်မြင်ခဲ့ကြသူများဖြစ်၍ ၁၂ နှစ်တာကာလ စည်းကမ်း စနစ်တကျနှင့် လေ့လာနေထိုင် ကြိုးစားအားထုတ်သည့် အလေ့အကျင့်ကောင်းများ ရကြသူများဖြစ်ကြပြီး အဆိုပါ အလေ့အကျင့်သည့် မိမိဘဝတိုးတက်မှုကို များစွာ အထောက်အကူပြုစေမှာ ဖြစ်ကြောင်း။

လူ့ရယ်လို့ ဖြစ်လာပါက စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစား လိုက်နာတတ်ရန်လိုကြောင်း၊ စည်းကမ်းရှိမှသာ ဥပဒေကို လေးစားလိုက်နာမှာဖြစ်ကြောင်း၊ စည်းကမ်းမရှိက ဥပဒေကို ဖောက်ဖျက်မိမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ ဘေးအန္တရာယ်ကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့် အကြောင်းအရာများကို ငယ်စဉ်ကတည်းက သိရှိစွဲမြဲနိုင်အောင် အခြေခံပညာ ကျောင်းများတွင် အလေးထား သင်ကြားပေးစေလိုကြောင်း။

ကျောင်းသားလူငယ်များသည် မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်မိမိတို့နိုင်ငံ၏ကောင်းမြတ်သည့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းကြောင်းများကိုလေးစား တန်ဖိုးထားတတ်ရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင်နိုင်ငံတော်အလံ အလေးပြုခြင်း၏ အဓိပ္ပာယ်နှင့် နိုင်ငံတော်သီချင်း၏ အနှစ်သာရကို ကောင်းစွာသိရှိပြီး စနစ်တကျ သီဆိုတတ်အောင်လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် လူငယ်များ၏ စိတ်ကိုပါ ပြုပြင်ပေးကြရန် လိုကြောင်း။

လူငယ်များအနေဖြင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းကြရန်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် တတ်အားသရွေ့ ပါဝင်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများအတွက် မကြာမီတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး စာမျက်နှာ ၅ သို့ »»



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။




နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခိုင်သဇင်ထက်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၄ မှ

ကျင်းပတော့မည် ဖြစ်ကြောင်း၊ ပြည်သူများ မျှော်လင့်နေသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်မည်ဆိုပါက ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့်ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကစပြီး ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးပါက ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံ့တာဝန် လွှဲပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မကြာမီကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်များ ဖြစ်စေရေး တတ်နိုင်သမျှ ပြည့်စုံအောင် ကြိုတင်စီမံ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသက်ပြည့်မီသည့် ကျောင်းသား ကျောင်းသူများအပါအဝင် မိဘပြည်သူများ၊ တိုင်းရင်းသားပြည်သူများ အားလုံးအနေဖြင့် ရွေးကောက်ပွဲ၏ အခြေအနေနှင့် အနှစ်သာရကို သိရှိကြပြီး မဲပေးခွင့်ရှိသူများ၏ အခွင့်အရေး မဆုံးရှုံးရအောင် ဆန္ဒမဲပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီစနစ် ကူးပြောင်းရေးတွင် နိုင်ငံသားတစ်ယောက် ရသင့်သည့် အခွင့်အရေး လက်လွတ်မခံသင့်ကြောင်းကို ပြောကြားလိုကြောင်း။

နောက်တစ်ချက် အနေဖြင့် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး လုပ်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များလည်း ရှိနေကြောင်း၊ ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရန် အဓိကဖြစ်သည့် ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အဖျက်အမှောင့်လုပ်ရပ်များကို ထိန်းသိမ်းကာကွယ်သွားကြရန်၊ ပြည်သူအားလုံးပါဝင်ရန်နှင့် ပူးပေါင်းရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

ပညာရေးဝန်ထမ်းများ အနေဖြင့် လက်ရှိပညာရေးစနစ်ကို ပြန်လည် လေ့လာသုံးသပ်ပြီး အရည်အသွေး အာမခံမှုရှိသည့် ပညာရေးစနစ် ထူထောင်နိုင်ရန်နှင့် နိုင်ငံကို အကျိုးပြုနိုင်သည့် ပညာတတ် လူငယ်အရေအတွက် များစွာ ပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်ကြရန်၊ ထူးချွန်မောင်မယ်တွေအနေဖြင့် နိုင်ငံ့ပုံရိပ်ကို ပညာဖြင့် မြှင့်တင်ပေးနိုင်အောင် ဆက်လက်ကြိုးစားသွားကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်းကို လေးလေးနက်နက် ခံယူပြီး တိုင်းပြည်တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍကနေ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၃ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဘာသာစုံဂုဏ်ထူးရရှိသည့် မောင်ထူးအောင်ဝင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဘာသာစုံဂုဏ်ထူး ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက "လူချွန်လူကောင်း" တေးသရုပ်ဖော် တင်ဆက်မှုဖြင့် လည်းကောင်း၊ "မြန်မာ့ကျောင်း" တေးသီချင်းကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျ**

❖ **ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီသဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှုမြင့်မားရန်လို**

❖ **ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်ရှိကြရန်လို၊ လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတ ပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

ကျောင်းသား ကျောင်းသူများကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်အတွက် နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းများကို မပျက်မကွက်ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့နှင့်အတူ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သင်ကြားသင်ယူမှုနှင့်ပတ်သက်၍ လာမည့်နှစ်များတွင် ကျောင်းများ၌ ဘာသာစုံဂုဏ်ထူးထွက်သည့် ကျောင်းသားကျောင်းသူများ အချိုးညီမျှစွာမွေးထုတ်ပေးနိုင်ရေး ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများအားလုံး ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အရည်အသွေးရှိပြီး ထူးချွန်သည့် ကျောင်းသား ကျောင်းသူများဖြစ်လာစေရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့်နည်းလမ်းများကို စဉ်းစားကြစေလိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း ကျဆင်းနေမှုကို ဖြေရှင်းနိုင်ရေးအတွက် ပညာရေးမှူးများအနေဖြင့် ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ အဖြေရှာပြီး ပြန်လည်တင်ပြစေလိုပါကြောင်း။



ကျောင်းပြောင်း TC လက်မှတ်များ ထုတ်ပေးရာတွင် ကျောင်းအုပ်ကြီးများကို ကြီးကြပ်ရမည်ဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ခွင့်ဆောင်ရွက်ရာတွင် တူညီသည့်မူများကို တစ်သမတ်တည်းချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြင်ဆင်သင့်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ပြင်ဆင်သင့်ပါက ပြင်ဆင်ရမည်ဖြစ်ရာ အခြေခံပညာနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို လိုအပ်သလို ပြင်ဆင်ရေးဆွဲသွားရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများအနေဖြင့် အသစ်ဖွင့်လှစ်ရန် မှတ်ပုံတင်လျှောက်ထားလာပါက သတ်မှတ်ထားသောစံနှုန်းများဖြင့် တိကျစွာ တိုင်းတာစစ်ဆေးရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စည်းကမ်းရှိမှု၊ မူးယစ်ဆေးဝါး ကင်းရှင်းမှု၊ ဝတ်စားဆင်ယင်မှုနှင့် ဆရာ ဆရာမများအား ရိုသေလေးစားတန်ဖိုးထားမှုများကို အလေးထားလိုက်နာရန် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများက အဓိကကြီးကြပ်စေလိုပါကြောင်း၊ အစိုးရကျောင်းများကဲ့သို့ ပုဂ္ဂလိကကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများကို ဖိဖိစီးစီးစာသင်ကြားရုံသာမက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်အတွက် နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းများကို လိုက်နာဆောင်ရွက်ကြရန် မြို့နယ်ပညာရေးမှူးများက အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက ကျောင်းသား ကျောင်းသူများအား မှန်ကန်သည့်စိတ်ဓာတ်ကောင်းများ ရှိလာစေရေး၊ ခိုက်ရန်ဖြစ်ပွားခြင်း မရှိစေရေးအတွက် အထူးအလေးထားထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းပြင်ပပညာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များတွင် အလေးအနက်ထား၍ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက လက်ရှိလုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MSME ဆိုတာ ဘာလဲ

ကိုချင်း

**MSME (Micro, Small and Medium Enterprises)**ကို မြန်မာလိုဆိုရမည်ဆိုပါက **“အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ”**ဟု ဆိုနိုင်ပြီး လူအများနားလည်အောင် ယခုကဲ့သို့ ရှင်းပြနိုင်ပါသည်–

“MSME ဆိုသည်မှာ **ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း** လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေး စက်ရုံတွေအဆုံး အားလုံးကိုခြုံငုံခေါ်ဆိုခြင်းဖြစ်ပါသည်။” ဤလုပ်ငန်းများသည် **စီးပွားရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းပေးခြင်း** အတွက်ပါ အလွန်အရေးကြီးပါသည်။

နိုင်ငံတိုင်းက MSME များကို အားပေးကြသော အဓိကအကြောင်းရင်းမှာ ယင်းလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ **“အဓိကကျောရိုး”** ဖြစ်နေသောကြောင့်ပင်ဖြစ်ပါသည်။

**“နိုင်ငံတစ်နိုင်ငံမှာ ကားတွေ၊ အဆောက်အအုံကြီးတွေချည်းပဲရှိပြီး လမ်းဘေးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှမရှိဘူး၊ ကားပြင်ဆိုင်မရှိဘူး၊ ဈေးသည်တွေမရှိဘူးဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ။ လူတွေနေထိုင်လို့မဖြစ်နိုင်ဘူး မဟုတ်လား။ MSME တွေဟာ လူနေမှုဘဝရဲ့ အခြေခံအုတ်မြစ်တွေဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အောက်ပါအကြောင်းတွေကြောင့် အလွန်အရေးကြီးလို့ နိုင်ငံတိုင်းက မပါမဖြစ် အားပေးကြတာပါ။”**

အသေးစိတ်ရှင်းပြရမည်ဆိုပါက–

၁။ **အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း**

စက်ရုံကြီးတစ်ခုကအလုပ်သမား ၅၀၀ ပဲခန့်နိုင်မည်။ သို့သော်လည်း MSME ၅၀၀ မှ အလုပ်သမား ထောင်နှင့်ချီ၍ ခန့်ထားနိုင်ပါသည်။ နိုင်ငံတကာ စာရင်းများအရ MSME များသည် **အလုပ်အကိုင် ၇၀–၉၀%** ကို ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များသည် လူငယ်များ၊ ပညာတတ်များ၊ ကျေးလက်နေလူတန်းစားများအတွက် အလုပ်အကိုင်ရရှိရန် အဓိကလမ်းကြောင်းပင် ဖြစ်ပါသည်။

၂။ **စီးပွားရေးတည်ငြိမ်မှုရှိခြင်း**

နိုင်ငံခြားကုမ္ပဏီကြီးများက စီးပွားရေး မကောင်းလျှင် ထွက်သွားနိုင်သော်လည်း ဒေသခံ MSME များမှာမူ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ဤနေရာမှာပဲ နေထိုင်လုပ်ကိုင်ကြမည်ဖြစ်ပြီး ၎င်းတို့သည် စီးပွားရေးအတွက် **“ချိတ်ဆက်တံတား”** ကဲ့သို့ပင် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

၃။ **ဆန်းသစ်တီထွင်မှုများ ပေါ်ထွက်လာနိုင်ခြင်း**

လုပ်ငန်းကြီး၊ ကုမ္ပဏီကြီးများတွင် စည်းကမ်းများပြီး ဆန်းသစ်မှုများ နှေးကွေးနေတတ်သော်လည်း MSME လုပ်ငန်းများမှာ ဈေးကွက်လိုအပ်ချက်ကို မြန်မြန်သိပြီး ပြောင်းလဲနိုင်စွမ်း မြင့်မားခြင်း၊ နည်းပညာအသစ်၊ ဝန်ဆောင်မှုအသစ်၊ ထုတ်ကုန်အသစ်များကို ရဲရဲတင်းတင်းစမ်းသပ်နိုင်ကြပါသည်။ ဥပမာ – Google ၊ Apple တို့ကဲ့သို့ ကုမ္ပဏီကြီးများသည်လည်း MSME ကဲ့သို့ အသေးစားမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

၄။ **ဝင်ငွေညီမျှမှုကို မြှင့်တင်ပေးခြင်း**

ဒေသထွက်ကုန်ကြမ်းများကို ဒေသခံများကသာ လုပ်ကိုင်ပြီး တန်ဖိုးမြှင့် ထုတ်လုပ်နိုင်သဖြင့် ငွေကြေးအင်အား အနည်းငယ်သာရှိသူများကိုပင် စီးပွားရေးစတင်ဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများပေးပါသည်။ ဤအရာသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာ၌ အထိရောက်ဆုံးနည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။

၅။ **နိုင်ငံခြားဝင်ငွေရရှိစေခြင်း**

MSME များသည် ပြည်တွင်းတွင်ထုတ်လုပ်သည့် လက်မှုပစ္စည်းလုပ်ငန်း၊ ခရီးသွားဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ ရေခဲမုန့်လုပ်ငန်း စသည့် အသေးစားလုပ်ငန်းများ၏ တင်ပို့ရောင်းချမှုမှ တစ်ဆင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ပါသည်။



**အချုပ်ဆိုရသော်** MSME များသည် စီးပွားရေးကို စတင်သည့် အင်ဂျင်များဖြစ်ပြီး ယင်းတို့သည် လူမှုရေး တည်ငြိမ်မှု၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှင့် ဆန်းသစ် တီထွင်မှု အတွက် အခြေခံ အုတ်မြစ်ကို ချပေးပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် MSME များကို ငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းများလျှော့ချခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဥပဒေရေးရာ အထောက်အပံ့များပေးခြင်းတို့ကို ပံ့ပိုးကူညီပေးနေကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံအတွက်မူ MSME ကို ဖွံ့ဖြိုးအောင် လုပ်ဆောင်သည့်နေရာတွင် အခြားနိုင်ငံများနှင့်မတူဘဲ စိုက်ပျိုးရေးနှင့်ဆက်စပ်သော လုပ်ငန်းများကို အဓိကထား စဉ်းစား ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် MSME များကို အောင်မြင်အောင် လုပ်ဆောင်ရာမှာ ကျွန်တော်တို့၏ **အားသာချက်ဖြစ်သော စိုက်ပျိုးရေးမှ စတင်ရမည်**ဖြစ်ပါသည်။ **လယ်ယာထွက်ကုန်တွေကို မူလအတိုင်း ရောင်းချခြင်းထက် ပြုပြင်ပြီး တန်ဖိုးမြှင့် (Value Added) ထုတ်လုပ်ကာ ဈေးကွက်ရှာဖွေ ဆောင်ရွက်နိုင်ခြင်းသည်** အောင်မြင်မှု၏ အဓိကသော့ချက်ပင်ဖြစ်ပါသည်။

**အသေးစိတ်လုပ်ဆောင်နိုင်သည့် နည်းလမ်းများမှာ–**

၁။ **စိုက်ပျိုးရေးဆိုင်ရာ MSME (Agri-based MSMEs)**များကို **ဦးစားပေးဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း**ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ **ဥပမာ–** ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီ၊ သစ်သီးဝလံများကို **သီးနှံအခြောက်ခံခြင်း၊** ငါးပိ၊ ငါးခြောက်၊ သစ်သီးယိုများ၊ ရှမ်းခေါက်ဆွဲ၊ မြန်မာ့ဆန်မှုန့်နှင့် ပြုလုပ်သော မုန့်မျိုးစုံကို ကျန်းမာရေးနှင့်ညီညွတ်ပြီး ထုပ်ပိုးမှုသေသပ်လှပအောင် လုပ်ဆောင်ပြီး ပြည်တွင်း/ပြည်ပဈေးကွက်ကို တင်ပို့နိုင်သည့် **အဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်ခြင်း၊** လယ်ယာစွန့်ပစ်ပစ္စည်းများ (ဖွဲ၊ ကောက်ရိုး၊ မြက် စသည်)ကို အသုံးပြုပြီး အော်ဂဲနစ်မြေဩဇာလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ပတ်ဝန်းကျင်ကိုပါ ကာကွယ်ရာရောက်သည့် **ဇီဝမြေဩဇာလုပ်ငန်း**များ ဆောင်ရွက်ခြင်း။

၂။ **စိုက်ပျိုးရေးနောက်ဆက်တွဲ ဝန်ဆောင်မှု လုပ်ငန်းများ**ဖြစ်သည့် လယ်သမားများအတွက် တန်ဖိုးကြီးစက်ယန္တရားများ (စပါးစိုက်စက်၊ ရိတ်သိမ်းစက်)ကို ဝယ်ယူရန် မတတ်နိုင်သည့်အခါ နာရီ/ရက်အလိုက် ငှားရမ်းပေးသည့် **လယ်ယာသုံး ပစ္စည်းငှားရမ်းခြင်းလုပ်ငန်း၊** ကျေးရွာမှ ထွက်ကုန်များကို ဈေးကွက်ရှိရာသို့ ချိတ်ဆက်ပို့ဆောင်ပေးသည့် **သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်** သီးနှံသိုလှောင်ရုံများဆောက်လုပ်ပြီး **သိုလှောင်ရေး လုပ်ငန်း**များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ **ကျေးလက်ဒေသအခြေပြု ခရီးသွားလုပ်ငန်း**

ဖြစ်သည့် ကျေးလက်သဘာဝ အတွေ့အကြုံကို ခံစားလိုသော ခရီးသွားများအတွက် ကျေးရွာများတွင် အိမ်တွင်းမိုခိုနေထိုင်မှုစနစ်ဖြင့် ဝန်ဆောင်မှုပေးသော **ကျေးရွာခရီးသွားလုပ်ငန်း၊** လူအများကို လယ်ယာလုပ်ငန်းခွင်ထဲသို့ခေါ်ပြီး စပါးစိုက်ပျိုးမှုအားကြည့်ရှုခြင်း၊ သီးနှံခူးဆွတ်မှုအား ခွင့်ပြုခြင်း စသည်ဖြင့် အတွေ့အကြုံရရှိနိုင်သော **စိုက်ပျိုးရေး အတွေ့အကြုံ ခရီးသွားအစီအစဉ်**များကို စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **ဒေသထွက်ပစ္စည်းများကို အခြေခံသော လက်မှု လုပ်ငန်းများ**ဖြစ်သည့် ဒေသခံအမျိုးသမီးများဖြင့် ရက်လုပ်ပြီး ဒေသထုတ်အထည်များ (ဥပမာ– အင်းလေးထည်၊ ကရင်အင်္ကျီ) ရက်လုပ်ရောင်းချသော**ချည်ထည်နှင့် ရက်ကန်းလုပ်ငန်း၊** ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး ခေတ်မီဒီဇိုင်းများဖြင့် အိမ်သုံးပစ္စည်း၊ အလှဆင်ပစ္စည်းများ ထုတ်လုပ်သော **သစ်၊ ဝါး၊ ကြိမ်များဖြင့် ပြုလုပ်သည့် ဒေသထွက် ပစ္စည်းလုပ်ငန်း** စသည်တို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အောင်မြင်မှုအတွက် အဓိကသော့ချက်များ အနေဖြင့်–**

၁။ ကျေးရွာတစ်ရွာလုံး စုပေါင်းပြီး ကုန်ထုတ်လုပ်မှုအသင်းဖွဲ့စည်းကာ **ပူးပေါင်းဆောင်ရွက်** လုပ်ကိုင်ခြင်းဖြင့် ဈေးကွက်တင်ပို့နိုင်စွမ်း ပိုမိုများပြားလာမည်ဖြစ်ခြင်း။

၂။ **ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး** မိမိထုတ်ကုန်များကို တိုက်ရိုက်ကြော်ငြာရောင်းချပြီး အွန်လိုင်းမှတစ်ဆင့် ပြည်တွင်း ပြည်ပ ဈေးကွက်ရှာဖွေနိုင်ခြင်း။

၃။ ထုတ်ကုန်များ၏ **အရည်အသွေးမီခြင်း၊ ထုပ်ပိုးမှု သေသပ်လှပခြင်း**များဖြင့် ဈေးနှုန်းပိုမိုရရှိနိုင်ခြင်းတို့ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် **မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ အားသာချက်များကို အခြေခံပြီး တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်** MSME များကို ဦးစားပေးဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဆိုပါက ကျေးလက်စီးပွားရေးကို ကြီးမားစွာတိုးတက်လာစေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**“နိုင်ငံတော် ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှု အားပေးစို့”**ဆိုသည့် ဆောင်ပုဒ်သည် MSME ကဏ္ဍကို ဗဟိုပြုပြီး အလွန်ကောင်းမွန်သော လမ်းညွှန်မှုပေးခြင်းဖြစ်ပါသည်။ ဤဆောင်ပုဒ်၏ အနှစ်သာရကို ထိထိမိမိဖော်ဆောင်နိုင်မည့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်နိုင်ပါသည်–

ရွှေသီးရန် **မြန်မာ့ရိုးရာစားဖွယ်တစ်ခုအဖြစ် ပြည်တွင်းထွက်ကုန်ကြမ်း (ဆန်/ထမင်း)ကို ပြုပြင်ပြောင်းလဲပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value-Added Product)**အဖြစ် ရောင်းချသည့် သာဓကတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ ဤသို့သော ပြုပြင်မှုလုပ်ငန်းစဉ်များကို MSME များက လုပ်ဆောင်နိုင်ပြီး နိုင်ငံအတွင်း ထုတ်လုပ်မှုကို အမှန်တကယ်အားပေးရာရောက်ပါသည်။

ဤဆောင်ပုဒ်နှင့်အညီ MSME များကိုအောက်ပါအတိုင်း လုပ်ဆောင်သင့်ပါသည်–

၁။ **စားသောက်ကုန်ကဏ္ဍကို စံနမူနာထား တိုးချဲ့ခြင်း**

(က) **ဒေသအလိုက် ရိုးရာအစားအစာများကို စက်ဖြင့်တွဲဖက်လုပ်ကိုင်ခြင်း။** ရွှေသီးသကဲ့သို့ မြန်မာ့ရိုးရာမုန့်ပဲသရေစာများကို MSME များက လက်ရာမပျက် ကျန်းမာရေးနှင့်ညီညွတ်ကာ ထုပ်ပိုးမှုသေသပ်လှပစွာဖြင့် လုပ်ဆောင်နိုင်ပါသည်။ (ဥပမာ – မုန့်ဆန်း၊ ပဲပြား စသည်)

(ခ) **ဒေသထွက်ပစ္စည်းများကို အခြေခံသော ထုတ်ကုန်များ။** ကျေးရွာတိုင်းလိုလိုတွင် ထူးခြားသော သီးနှံများ ရှိတတ်ပါသည်။ ယင်းထွက်ကုန်တွေကို ရွှေသီးလိုပြုပြင်ပြီး ဒေသတွင်းထုတ်ကုန်အဖြစ် သတ်မှတ်ကာ ရောင်းချနိုင်ပါသည်။ (ဥပမာ – တောင်ကြီးမှကြံသကာနှင့် ရေးမြို့မှ ဒူးရင်း)

**စာမျက်နှာ ၇ သို့** ✪

☆ **MSME များသည် စီးပွားရေးကိုစတင်သည့် အင်ဂျင်များဖြစ်ပြီး ယင်းတို့သည် လူမှုရေး တည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုအတွက် အခြေခံအုတ်မြစ်ကို ချပေးပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် MSME များကို ငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းများ လျှော့ချခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဥပဒေရေးရာ အထောက်အပံ့များပေးခြင်းတို့ကို ပံ့ပိုးကူညီပေးနေကြခြင်းဖြစ်**

☆ **မြန်မာနိုင်ငံတွင် MSME များကို အောင်မြင်အောင်လုပ်ဆောင်ရာမှာ ကျွန်တော်တို့၏ အားသာချက်ဖြစ်သော စိုက်ပျိုးရေးမှစတင်ရမည်ဖြစ်ပါသည်။ လယ်ယာထွက်ကုန်တွေကို မူလအတိုင်းရောင်းချခြင်းထက် ပြုပြင်ပြီး တန်ဖိုးမြှင့် (Value Added) ထုတ်လုပ်ကာ ဈေးကွက်ရှာဖွေဆောင်ရွက်နိုင်ခြင်းသည် အောင်မြင်မှု၏ အဓိကသော့ချက်ပင်ဖြစ်**

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်သောအဖွဲ့အား တာဝန်ရှိသူများက လက်ရှိတရားလွှတ်တော်အဆောက်အအုံအခြေအနေ၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လျာထားချက်၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့က ယခုအဆောက်အအုံသည် ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် (Haritage) အဆောက်အအုံဖြစ်သည့်အတွက် ယခင်အဆောက်အအုံပုံစံအတိုင်း ရှေးမူလက်ရာမပျက်စေဘဲ အရည်အသွေးပြည့်မီစွာဖြင့် စနစ်တကျ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ တာဝန်ယူဆောင်ရွက်မည့် အဖွဲ့များအနေဖြင့်



ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုပါကြောင်း မှာကြားပြီး အဆောက်အအုံအတွင်း အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံမှာ အလျား ၂၉၉ ဒသမ ၆ ပေ၊ အနံ ၂၈၈ ပေရှိ စတုဂံပုံသဏ္ဌာန် သုံးထပ်အဆောက်အအုံဖြစ်ပြီး ၁၉၀၅ ခုနှစ်တွင် တည်ဆောက်၍ ၁၉၁၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုစဉ်က ကုန်ကျငွေမှာ ရူပီး ၂ ဒသ ၄၅ သန်းဖြစ်ပြီး အဆိုပါအဆောက်အအုံတွင် ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်၏ အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့အစည်းအဆက်ဆက် ရုံးထိုင်၍ အမှုများစစ်ဆေးကြားနာစီရင်ခဲ့ပြီး သမိုင်းတန်ဖိုး မြင့်မားသော ရှေးဟောင်းအဆောက်အအုံဖြစ်သည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည်လည်း ၂၀၁၁ ခုနှစ်မှစ၍ ယနေ့တိုင် ဤအဆောက်အအုံတွင်ပင် ရုံးထိုင်၍ တရားစီရင်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ၁၉၉၆ ခုနှစ်တွင် ဤအဆောက်အအုံကို ရှေးဟောင်းလက်ရာအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရန်ကုန်မြို့ပြအမွေအနှစ် (Yangon City Heritage) အဆောက်အအုံအဖြစ် အပြာရောင်ကမ္ပည်းပြား (Blue Plaque) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် တပ်ဆင်ခဲ့သည်။

အဆိုပါအဆောက်အအုံနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်တွင် လာရောက်ကြည့်ရှုစဉ်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းသည့်အနေဖြင့် အဆောက်အအုံအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❂ စာမျက်နှာ ၆ မှ

၂။ **“ကုန်ထုတ်လုပ်မှုကိုအားပေးစို့” ဆိုသော ဦးတည်ချက်နှင့် လမ်းကြောင်းသတ်မှတ်ခြင်း**

(က) **ပြည်ပမှီခိုမှုလျှော့ချခြင်း။** နေ့စဉ်လူသုံးကုန်များ (ဆပ်ပြာ၊ အချိုရည်၊ မုန့်ပဲသရေစာ)ကို ပြည်တွင်း၌ထုတ်လုပ်နိုင်အောင် MSME များကို အားပေးရမည်ဖြစ်ပါသည်။ ရွှေသီးကို ပြည်ပက ဝယ်စရာမလိုဘဲ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်သကဲ့သို့ဖြစ်ပါသည်။

(ခ) **သွင်းကုန်အစား ပြည်တွင်းထုတ်ကုန်ကို ဦးစားပေးရွေးချယ်စေရန် စည်းရုံးခြင်း (Import Substitution)။ “ရွှေသီးကဲ့သို့ မြန်မာ့ထုတ်ကုန်များကို ဝယ်ယူသုံးစွဲကြပါစို့”** ဆိုသော စည်းရုံးမှုကို လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးနိုင်ပါသည်။

၃။ **“နိုင်ငံတော် ရွှေသီးဖို့”ဆိုသည့် ရည်မှန်းချက်အတွက် လမ်းခင်းပေးခြင်း**

(က) **ကျေးရွာအဆင့် စက်မှုဇုန်ငယ်များ ထူထောင်ခြင်း။** ကျေးရွာများတွင် လယ်ယာထွက်ကုန်များကို အခြောက်ခံသည့်စက်၊ ကြိတ်ခွဲသည့်စက် စသည်တို့ကို ကျေးရွာသားများအားလုံး အသုံးပြုနိုင်သော “စိုက်ပျိုးရေးဆိုင်ရာ စက်မှုဝန်ဆောင်မှုစင်တာ”များ တည်ထောင်ပေးရမည် ဖြစ်ပါသည်။

(ခ) **ဒစ်ဂျစ်တယ်နည်းပညာနှင့် ချိတ်ဆက်ပေးခြင်း။** ကျေးရွာထွက်ကုန်များကို အွန်လိုင်းမှတစ်ဆင့် တင်ရောင်းနိုင်အောင် ကျေးလက်ဒေသအထိ အင်တာနက်ရောက်ရှိအောင် လုပ်ဆောင်ပြီး ရွှေသီးကို ကျေးလက်ကထုတ်လုပ်ပြီး ရန်ကုန်က အမှာစာတင်နိုင်ပြီဆိုပါက ဤအရာသည် “ရွှေသီး” မည့် အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။

၄။ **အစိုးရ/ အဖွဲ့အစည်းများဘက်က လုပ်ဆောင်ရမည့်အချက်များ**

(က) **ငွေကြေးဆိုင်ရာ အထောက်အပံ့။** MSME များအတွက် အတိုးနှုန်းချိုသာသော ချေးငွေများ ထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။ ရွှေသီးထုတ်စက်ကဲ့သို့ စက်ပစ္စည်းများဝယ်ယူရန် ငွေကြေးပံ့ပိုးကူညီပေးခြင်းဖြင့် ထုတ်လုပ်မှုကို အားပေးရာရောက်ပါသည်။

(ခ) **အတားအဆီးဖြေရှင်းပေးခြင်း။** ကျေးရွာထွက်ကုန်များ မြို့ပြဈေးကွက်သို့ ရောက်ရှိရန် လမ်းပန်းဆက်သွယ်ရေး၊ ခွင့်ပြုချက်ယူရသော စီးပွားရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

**“နိုင်ငံတော်ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုကို အားပေးစို့”**ဆိုသည့်ဆောင်ပုဒ်သည် MSME များအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေသကဲ့သို့ ဖြစ်ပါသည်။ ဤဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေးအသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ခေတ်ပညာတတ် လူငယ်များနှင့် တောင်သူများကိုပေါင်းစည်းပြီး MSME များဖြစ်ထွန်းလာစေခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးအနာဂတ်အတွက် သော့ချက်ပင်ဖြစ်ပါသည်။

“ခေတ်ပညာတတ်လူငယ်များတွင် **ဈေးကွက်ဗျူဟာ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ ရှိပါသည်။** တောင်သူလယ်သမားများတွင် **မြေယာနှင့်ပတ်သက်သည့်အတွေ့အကြုံ၊ လုပ်ငန်းသဘောသဘာဝ**အပေါ် နားလည်တတ်ကျွမ်းမှုရှိပါသည်။ **ထို**အရည်အချင်းနှစ်မျိုးကို **‘တစ်ပေါင်းတစ်စည်းတည်း’**ဖြစ်အောင် ပေါင်းစပ်နိုင်မည်ဆိုပါက အင်အားအလွန်ပင်ကြီးလာမည်ဖြစ်ပါသည်။ ဤသို့ ပေါင်းစည်းနိုင်ရန် လူငယ်များဘက်ကလည်း စိတ်ဝင်စားလာအောင်၊ တောင်သူများ

ဘက်ကလည်း ယုံကြည်လက်ခံလာအောင် ပြုလုပ်ဆောင်ရွက်ကြရ မည်ဖြစ်ပါသည်။”

ဤသို့ စည်းရုံးဆောင်ရွက်ရာမှာ လက်တွေ့ကျသော နည်းဗျူဟာများအနေဖြင့် –

**☆ ခေတ်ပညာတတ်လူငယ်များတွင် ဈေးကွက်ဗျူဟာ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ ရှိပါသည်။ တောင်သူလယ်သမားများတွင် မြေယာနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ လုပ်ငန်းသဘောသဘာဝအပေါ် နားလည်တတ်ကျွမ်းမှုရှိပါသည်။ ထိုအရည်အချင်းနှစ်မျိုးကို ‘တစ်ပေါင်းတစ်စည်းတည်း’ဖြစ်အောင် ပေါင်းစပ်နိုင်မည်ဆိုပါက အင်အားအလွန်ပင်ကြီးလာမည်**

**☆ ဤသို့ပေါင်းစည်းနိုင်ရန် လူငယ်များဘက်ကလည်း စိတ်ဝင်စားလာအောင်၊ တောင်သူများဘက်ကလည်း ယုံကြည်လက်ခံလာအောင် ပြုလုပ်ဆောင်ရွက်ကြရမည်**

၁။ **စိတ်ဓာတ်မြင်ကွင်းပြောင်းပေးခြင်း**

(က) **လူငယ်များကို** “စိုက်ပျိုးရေးဆိုသည်မှာ ညစ်ပတ်ပြီး ပင်ပန်းသည့် အလုပ်မဟုတ်ဘဲ ယခုခေတ်တွင် Agripreneur (စိုက်ပျိုးရေးဆန်းသစ်တီထွင်လုပ်ငန်းရှင်)များ ဖြစ်လာနိုင်ကြောင်း၊ အင်တာနက်မှတစ်ဆင့် ကုန်စည်ရောင်းဝယ်နိုင်ခြင်း၊ ကိုယ်ပိုင်အမှတ်တံဆိပ်နှင့်ထုပ်ပိုးပြီး ပြည်ပတင်ပို့နိုင်ခြင်း စသည်ဖြင့် ခေတ်မီသော စီးပွားရေးလုပ်ငန်းခွင်ဖြစ်ကြောင်း သတင်းစကားများကို ပေးရမည်ဖြစ်ပါသည်။

(ခ) **တောင်သူများအား** ပညာတတ်လူငယ် သမီး/သားများက ထွက်ကုန်ကို ဈေးပိုမိုရရှိနိုင်အောင်၊ ပြည်ပသို့ရောက်အောင် ပို့ဆောင်ပေးနိုင်သော **“ဒစ်ဂျစ်တယ်လက်နက်”**များရှိကြောင်း ရှင်းပြပေးရမည်ဖြစ်ပါသည်။

၂။ **လက်တွေ့ကျသော စမ်းသပ်စရာနမူနာများ ဖန်တီးပြခြင်း**

(က) **အောင်မြင်မှုဖြစ်စဉ်များကို မျှဝေခြင်း။** ဥပမာအားဖြင့် ကျေးရွာတစ်ရွာမှ လူငယ်နှင့် တောင်သူများ စုပေါင်းထုတ်လုပ်ဆောင်ရွက်သည့် ခရမ်းချဉ်သီးခြောက်လုပ်ငန်း အောင်မြင်လာသည့်အကြောင်း၊ အွန်လိုင်းမှတစ်ဆင့်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးလာခြင်းအကြောင်း စသည့် အောင်မြင်မှုပုံရိပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ပါသည်။

(ခ) **စမ်းသပ်ခြံစိုက်ခင်း ဖွင့်လှစ်ပေးခြင်း။** ကျေးရွာများတွင် နည်းပညာသုံးပြီး စိုက်ပျိုးမည့် စမ်းသပ်ခြံကြီးတစ်ခုပြုလုပ်ကာ လူငယ်များက နည်းပညာပိုင်းကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ တောင်သူများက စိုက်ပျိုးရေးအတွေ့အကြုံပေးခြင်းဖြင့်လည်းကောင်း အတူတကွလုပ်ကိုင်ဆောင်ရွက်ခြင်းမျိုး ဆောင်ရွက်နိုင်ပါသည်။

၃။ **ငွေကြေးနှင့်နည်းပညာအထောက်အပံ့ပေးခြင်း**

(က) **အစပျိုးရန်ပုံငွေ။** အစိုးရ(သို့မဟုတ်) အလှူရှင်အဖွဲ့အစည်းများမှ လူငယ်–တောင်သူ အတွဲများကို ချေးငွေ(သို့မဟုတ်) ရန်ပုံငွေအသေးစား ထုတ်ပေးခြင်းမျိုး ဆောင်ရွက်ရပါမည်။ (ဥပမာ– သီးနှံအခြောက်ခံစက် တစ်လုံးဝယ်ရန် ငွေကြေးကူညီပေးခြင်း)

(ခ) **နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုပေးအပ်ခြင်း။** ကျေးရွာများတွင် အင်တာနက်အခြေပြု ဈေးကွက်ရှာဖွေနည်း၊ ငွေကြေးစီမံခန့်ခွဲနည်း၊ ကောင်းမွန်သောစိုက်ပျိုးနည်းစနစ် (Good Agricultural Practices – GAP) စသည်ဖြင့် သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါသည်။

၄။ **အသိုင်းအဝိုင်းနှင့် ကွန်ရက်ချိတ်ဆက်ပေးခြင်း**

(က) **လူငယ်နှင့် တောင်သူချိတ်ဆက်ပွဲများ ပြုလုပ်ပေးခြင်း။** ကျေးရွာခန်းမများတွင် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းများ၊ တောင်သူကြီးများ၏ လုပ်ငန်းလိုအပ်ချက်နှင့် အခက်အခဲများအား ပြောဆိုဆွေးနွေးခွင့်ရရှိအောင် ချိတ်ဆက်ပေးနိုင်ပါသည်။

(ခ) **အောင်မြင်မှုဖြစ်စဉ်ကို “ပြန့်ပွားအောင်” လုပ်ဆောင်ပေးခြင်း။** ကျေးရွာတစ်ရွာမှ အောင်မြင်သွားသည့် လူငယ်နှင့်တောင်သူအတွဲကို နီးစပ်ရာကျေးရွာများသို့ သွားရောက်ဟောပြောစေပြီး ၎င်းတို့၏အတွေ့အကြုံများကို မျှဝေစေခြင်းဖြင့် ရွာသူရွာသားများ ပိုမိုနားဝင်အောင် လုပ်ဆောင်ပေးနိုင်ပါသည်။

**အဓိကသော့ချက်အနေဖြင့်** လူငယ်များကို **“သူတို့မပါရင်မဖြစ်ဘူး”**ဆိုသည့် စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ တောင်သူများကို **“ဤနည်းပညာအသစ်တွေက သူတို့အတွက် လက်တွေ့အသုံးဝင်တယ်”**ဆိုသော ယုံကြည်မှုမျိုးကို တည်ဆောက်ပေးနိုင်မှသာ နှစ်ဦးနှစ်ဖက် အကျိုးရှိရှိပူးပေါင်းပြီး ကျေးရွာစီးပွားရေးများကို အတူတကွတည်ဆောက်နိုင်ကြမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များ ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို အားပေးနှုတ်ဆက်

လွိုင်ကော် ဩဂုတ် ၂၄

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်၍ ဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေများကို ကြည့်ရှုပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

### ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆို

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဟဲဟိုးမြို့မှ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ဆက်လက်ထွက်ခွာရာ လွိုင်ကော်မြို့အဝင်၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်တို့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့ရှိ တန်ခိုးကြီး တောင်ကွဲစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၌ ဝန်ထမ်းများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ညပိုင်းတွင် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဥ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သတင်းစဉ်



ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များအား လွိုင်ကော်မြို့အဝင်၌ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုကြစဉ်။



အနုပညာရှင်များက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။



## တပ်ကုန်းမြို့၌ မီးဘေး၊ ရေဘေး အသိပညာပေး

တပ်ကုန်း ဩဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာတွင် ကျေးလက်မီးဘေးကြိုတင်ကာကွယ်ရေးမှအစ မီးဘေး၊ ရေဘေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် မီးဘေး၊ ရေဘေး စသည့်ဘေးအန္တရာယ်ဆိုင်ရာများတွင် မီးသတ်ဦးစီးဌာနမှ ကူညီဆောင်ရွက်ရသည့် အကြောင်းရင်းများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ဦးစီးအရာရှိ ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေသန့်ဘူးအသက်ကယ်အင်္ကျီဝတ်ဆင်နည်း၊ ဘောကွင်းပစ်ကြိုးချည်နည်း၊ မီးချိတ်၊ မီးကပ်ထားရှိမှု အသုံးဝင်ပုံ လုပ်ဆောင်နည်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်း၊ မီးသတ်ရေပုံးများဖြင့် လက်ဆင့်ကမ်း၍ မီးငြိမ်းသတ်နည်း၊ မီးချိတ်၊ မီးကပ်များဖြင့် လောင်စာများခွဲခြား ရိုက်ပုတ်ဖုံးအုပ် မီးငြိမ်းသတ်နည်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သင်ကြားပို့ချကာ အရေးပေါ်အသုံးပြုရန်အတွက် ရေသန့်ဘူးဖြင့် ပြုလုပ်ထားသည့် အသက်ကယ်အင်္ကျီများကို ကျေးရွာသူ ကျေးရွာသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

မကွေး ဩဂုတ် ၂၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီးများ/ ခရိုင်တရားသူကြီးများ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေး ဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်အတွင်းရှိ တရားသူကြီး ၃၇ ဦးနှင့် အွန်လိုင်းစနစ်ဖြင့် ပခုက္ကူခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်၊ ချောက်ခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ တရားသူကြီး ၃၉ ဦး စုစုပေါင်း ၇၆ ဦး တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်က (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စု တရားသူကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မိမိကျရာ တာဝန်များ ကျေပွန်စွာဆောင်ရွက်ကြရေး၊ နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်များနှင့် ဌာနက ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက် လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ကြရေး၊ အမှုများကို ကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ဆောင်ရွက်ကြရေးနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၅) အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရေးတို့ကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်များကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သင်းသင်းချိုနှင့် ဒေါ်ခင်နှင်းထွဋ်တို့က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က မှာကြားသည့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားရေး ဦးစီးမှူး ဒေါ်မာလာက ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ မောင်ခိုင်မင်း(ပြန်ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

# ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဩဂုတ် ၂၄**

ဗီယက်နမ်နိုင်ငံတွင် ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Hotel Max ရှိ ပြည်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ချုပ်အမှုဆောင်များ၊ ကလပ်အသင်းပိုင်ရှင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဂုဏ်ပြုပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများအား မိတ်ဆက်၍ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၏ ပွဲစဉ်တစ်လျှောက်ယှဉ်ပြိုင်ခဲ့မှု ရုပ်သံမှတ်တမ်းအား ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြု နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဒုတိယဆုရယူပေးနိုင်ခဲ့ခြင်းဟာ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာ ရောက်သည့်အတွက် အုပ်ချုပ်သူများ/နည်းပြများအပါအဝင် ပြိုင်ပွဲဝင်အားကစားသမားများအားလုံးရဲ့ ကြိုးပမ်းမှုခွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို တွန်းအားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ယခုကဲ့သို့ အောင်မြင်မှုရရှိကြသည့် အားကစားသမားများကို နိုင်ငံတော်အနေဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် လည်း မြန်မာအမျိုးသမီး ဘောလုံးအသင်း အောင်မြင်မှုချန်ပီယံဆုရယူပြီး ထိုင်းနိုင်ငံတွင် နိုင်ငံတော်သီချင်းနှင့်အတူ အမိမြန်မာနိုင်ငံတော်၏အလံကို အလံတိုင်ထိပ်အထိ လွှင့်ထူနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ယခုထက်ပိုမိုရရှိပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကာ အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာအဆင့်အထိ ထိုးဖောက်နိုင်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပေးပို့ချီးမြှင့်သော အမေရိကန်ဒေါ်လာ ၈၀၀၀၀ အားပြည်ထောင်စုဝန်ကြီးက ပေးအပ်ချီးမြှင့်ရာ နည်းပြချုပ်နှင့် ကစားသမားများက လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အလှူရှင်များက မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြရာ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၈၆၃၀၀၀၀၀ ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ချီးမြှင့်ပေးအပ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက လက်ခံရယူသည်။

ထို့နောက် ပြိုင်ပွဲ၌ ဂိုးသွင်းအများဆုံးဆုရ ဝင်းသီဂီထွန်းက Video Clip ဖြင့် ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကိုယ်စား အသင်းခေါင်းဆောင် ခင်မာလာထွန်းက ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၇)ကြိမ်မြောက် အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင် ရွှေ၊ ငွေ၊ ကြေးဆုများနှင့် အကောင်းဆုံးဆုများ ဆွတ်ခူးရရှိ



**နေပြည်တော် ဩဂုတ် ၂၄**

ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်သည့် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်လျက်အုပ်ချုပ်သူ တစ်ဦး၊ နည်းပြသုံးဦး၊ ဒိုင်လူကြီးနှစ်ဦးနှင့် အားကစားသမား ၂၀ စုစုပေါင်း အားကစားအဖွဲ့ဝင် ၂၆ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသော (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲများ၌ ဩဂုတ် ၂၂ ရက်တွင် မောင်မောင်မြင့်က (၆၀-၆၉) ကီလိုတန်းအမျိုးသားကာယဗလပြိုင်ပွဲ၌ ငွေတံဆိပ်ဆုနှင့် ၇၀ တန်းတွင် ကြေးတံဆိပ်ဆုကို ထပ်မံရရှိသည်။

ဩဂုတ် ၂၃ ရက်တွင် မောင်ချမ်းမြေ့ထွန်းက ၇၅ ကီလိုတန်းတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ မောင်စိုင်းသက်နောင်ဦးက ၁၇၅ စင်တီမီတာ ကိုယ်ခန္ဓာအလှ အမျိုးသား ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကို လည်းကောင်း၊ မောင်မျိုးသူရကျော်က ၁၈၀ စင်တီမီတာအထက် ကိုယ်ခန္ဓာအလှ အမျိုးသား ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကို လည်းကောင်း ဆွတ်ခူးရရှိသည်။

ဩဂုတ် ၂၄ ရက်တွင် မဇူးဇူးသန့်က Women's Model Physique up to 170 cm ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မမိုးသက်ခိုင်က Women's Wellness Physique ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မောင်ချမ်းမြေ့ထွန်းက အကောင်းဆုံး ကိုယ်ဟန်ပြဆုကို လည်းကောင်း ရရှိခဲ့ပြီး မြန်မာအားကစားအဖွဲ့သည် (၅၇)ကြိမ်မြောက်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ်သုံးခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုအပြင် မောင်ချမ်းမြေ့ထွန်းက အကောင်းဆုံး ကိုယ်ဟန်ပြဆုပါထပ်မံရရှိခဲ့သည်။

ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမား ၁၆၇ ဦး ယှဉ်ပြိုင်ကြသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ် သုံးခုရရှိခဲ့ပြီး အမျိုးသားအသင်းသည် နိုင်ငံအလိုက် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးအသင်းသည် နိုင်ငံအလိုက်တတိယဆုကိုလည်းကောင်း ရရှိခဲ့ပြီး (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ် သုံးခု ထပ်မံရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် ဂူအမ်ကလပ်တို့ ယနေ့စတင်ကစားမည်

**ရန်ကုန် ဩဂုတ် ၂၄**

၂၀၂၅-၂၀၂၆ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ အုပ်စုပထမနေ့ကို ဩဂုတ် ၂၅ ရက်တွင်စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် အား/ကာသိပ္ပံအမျိုးသမီးအသင်းသည် ဂူအမ်ကလပ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စုငါးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် အား/ကာသိပ္ပံအသင်းပါဝင်သော အုပ်စု (က) ပွဲစဉ်များကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အုပ်စု(က)တွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်း၊ မြန်မာကလပ် အား/ကာသိပ္ပံအသင်း၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်း၊ ဂူအမ်ကလပ် Strykers အသင်းတို့ပါဝင်နေပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီတွင် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် ဂူအမ်ကလပ် Strykers အသင်း၊ ည ၇ နာရီတွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းနှင့် မွန်ဂိုလီးယားကလပ် Khovd Western အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစစ်ပွဲ အုပ်စု(က)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၄ ရက်က သုဝဏ္ဏဘောလုံးကွင်းရှိသတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေးအတွက် အသင်းတွင်ရှိသည့် လူစာရင်းအပြင် အခြားကလပ်အသင်းများမှ လက်ရွေးစင်ကစားသမားများဖြစ်သော မေထက်လူ၊ ဖြူဖြူဝင်း၊ ဖြူဖွေး၊ ယွန်းဝတီလှိုင်နှင့် စန်းသော်သော်တို့ကို အငှားဖြင့် ခေါ်ယူအသုံးပြုမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# လျှောက်ကာလအလွန် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သောပညာရှင်များအား ဂုဏ်ပြုချီးမြှင့်



နေပြည်တော် ဩဂုတ် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ငလျင်ကာလအလွန် အဆောက်အအုံများ စစ်ဆေးရာတွင် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သော ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဗဟိုသင်တန်းကျောင်း ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုသင်တန်းကျောင်းရှိ စာသင်ခန်းမများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်တန်းသား သင်တန်းသူများအတွက် သင်ကြားရေး၊ နေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးတို့အတွက် ဆောင်ရွက်ထားရှိမှု၊ သင်တန်းကျောင်းတွင်ထားရှိသည့် စာကြည့်တိုက်အတွင်းရှိ အင်ဂျင်နီယာဘာသာရပ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာစာအုပ်များ ခင်းကျင်းထားရှိမှု၊ Library Management System နှင့် e-Book Management System များ အသုံးပြု၍ စာအုပ်စာတမ်းများ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းထားသိုခြင်းနှင့် ငှားရမ်းမှုဆိုင်ရာ စီမံခန့်ခွဲခြင်း၊ e-Book များအား လွယ်ကူစွာ ဖတ်ရှုနိုင်ရန် စီမံထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သော ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကိုဗဟိုသင်တန်းကျောင်း ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစား ယူခဲ့သော ဌာနတာဝန်ရှိသူများနှင့် ပညာရှင်များ၊ ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သော ပြင်ပပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကျွမ်းကျင်အင်ဂျင်နီယာများသည် မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးခဲ့ရသော နိုင်ငံတော်ပိုင်ရုံးများနှင့် အထူးအဆောက်အအုံများ၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို ကနဦးစစ်ဆေး၍ ဘေးအန္တရာယ်ကင်းရှင်းမှု အဆင့်သတ်မှတ်ခြင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည်များကို ပြုပြင်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်း SOP များ ရေးဆွဲထုတ်ပြန်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ခြင်းအတွက် SOP များ ရေးဆွဲထုတ်ပြန်ခြင်း၊ ပြုပြင်ရမည့် နည်းလမ်းများကို Knowledge Sharing များ ပြုလုပ်ပေးခဲ့သည့်အပြင် ငလျင်လှုပ်ခတ်ခဲ့သည့် Fault လိုင်းနှင့် Rupture လိုင်းများ လေ့လာပြီး Hazard Zone Map နှင့် Damage Assessment များ ရေးဆွဲထုတ်ပြန်ခြင်းနှင့် ငလျင်ဒဏ်ခံ အဆောက်အအုံဒီဇိုင်းများ ရေးဆွဲခြင်းများတွင် ပူးပေါင်း ဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးအတွက် အချိန်တိုအတွင်း အကျိုးရှိ ထိရောက်ခဲ့သည်ဖြစ်၍ နိုင်ငံတော်အစိုးရက အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ပါကြောင်း။

ထို့ပြင် အဆိုပါပညာရှင်များသည် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ ၂၀၂၅ (MNBC-2025) ရေးဆွဲထုတ်ပြန်ရာတွင် အဓိကပါဝင်ဆွေးနွေး ပြုစုပေးခဲ့သူများလည်းဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ နောင်အနာဂတ်ကာလများတွင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဂုဏ်ပြုချီးမြှင့်သော ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ပညာရှင်များအတွက် ဂုဏ်ပြုလက်ဆောင်များကို ကော်မတီကိုယ်စား ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်း ဂုဏ်ပြုချီးမြှင့်ပေးအပ်ပြီး ပညာရှင်များကိုယ်စား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌဒေါက်တာအောင်ကျော်မြတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



## သံဖြူဇရပ်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား UID ဆောင်ရွက်

သံဖြူဇရပ် ဩဂုတ် ၂၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သံဖြူဇရပ်မြို့နယ်ရုံးမှ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား UID ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါဘဏ်၌ ဆောင်ရွက်သည်။

**ပေးအပ်**

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သံဖြူဇရပ်မြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးခိုင် ကြီးကြပ်၍ ဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ UID များအား ဆောင်ရွက်ပေးပြီး လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## မြင်းခြံမြို့၌ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား UID နံပါတ်ထုတ်ပေးလျက်ရှိ

မြင်းခြံ ဩဂုတ် ၂၄

နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆက်လက်ဆောင်ရွက်**

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးအောင် ဦးဆောင်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်များ



ဆောင်ရွက်ပေးပြီး ကျန်ရှိနေသေးသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

---

## မြိတ်မြို့၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းများဆောင်ရွက်

မြိတ် ဩဂုတ် ၂၄

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူလူထုများ၏ ကိုယ်ရေးအချက်အလက် မှတ်တမ်းများကို e-IDစနစ်ဖြင့် လုပ်ငန်းစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြိတ်မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို ဩဂုတ် ၂၁ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက် ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား တစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်များအား Enrollment Application Form (ပုံစံ-၁) ဖြင့် မျက်နှာ၊ မျက်လုံး၊ လက်ဗွေကို Screen ဖတ်ပြီး အချက်အလက်များအား Enrollment Device ဖြင့် server ထဲထည့်၍ အချက်အလက်များကို QR Code ပါသည့် ဂဏန်း ၁၀ လုံးပါသော Unique ID နံပါတ်ပါ စာရွက်ပြန်လည် ထုတ်ပေးဆောင်ရွက်ခြင်းဖြစ်သည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြိတ်မြို့နယ် ဦးစီးမှူးရုံးမှ လက်ထောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်လင်းဝေ ဦးဆောင်သော ဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူရာတွင် အသုံးပြုသည့် စက်ပစ္စည်းများဖြင့် ဆောင်ရွက်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်(မြိတ်ဘဏ်ခွဲ) မန်နေဂျာနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

---

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ် ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ)တို့တွင် ဩဂုတ် ၂၆ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့က ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စု လေသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ နိုင်ငံတော်မှ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဝေပေးသည့် ဓာတ်မြေဩဇာများကို အမှန်တကယ်လိုအပ်သော တောင်သူများလက်ဝယ်သို့ ရောက်ရှိရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်နှစ်သုံးသီး ရာသီပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြုဆောင်ရွက်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ လယ်ယာမြေများတွင် ပလပ်မြေ မရှိအောင် ကွက်ပြည့်စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဓာတ်မြေဩဇာသွင်းအားစုများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက ပိုက်ဆံလှေကျော်နှင့် နေကြာမျိုးစေ့များကိုလည်းကောင်း တောင်သူများထံပေးအပ်ကြပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မြေပဲရိုးဖြင့် သဘာဝမြေဩဇာ ပြုလုပ်နည်း သရုပ်ပြသ ဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့်အကျုံးမဝင်သည့်တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်

**အိမ်မဲ ဩဂုတ် ၂၄**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့တွင်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ တောင်သူများအား ဓာတ်မြေဩဇာများ ပေးအပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ၌ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တောင်သူများအား သွင်းအားစုမြေဩဇာများ ပေးအပ်သည်။



အလားတူ ဝါးခယ်မမြို့နယ် ရွှေခယ်သီရိအားကစားခန်းမ၌ ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့် တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တောင်သူများအား သွင်းအားစုမြေဩဇာများ ပေးအပ်သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့်တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်ရေးစာချုပ်ချုပ်ဆိုမည့် အခြေအနေများ၊ e-ID စမတ်ကတ် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ အိမ်မဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စိတ်ပါဝင်စားစွာဖြင့် စမ်းသပ်မဲပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများ လက်တွေ့စမ်းသပ်မဲပေးခြင်းများ စနစ်တကျ ဆောင်ရွက်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိုးစပါးစိုက်ခင်းများ မြေဩဇာကြဲပက်ခြင်းနှင့် ပိုးမွှားကျရောက်မှု ရှိ/မရှိ ကွင်းဆင်းကြည့်ရှု

**သာယာဝတီ ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွန်းကုန်းအုပ်စု မိုးစပါးစိုက်ခင်းများတွင် စုပေါင်းတမန်းနှိုး၊ ပေါင်းနုတ်၊ မြေဩဇာကြဲပက်ခြင်းနှင့် ပိုးမွှားကျရောက်မှု ရှိ/မရှိ ကွင်းဆင်းကြည့်ရှုခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုက အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများ၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပေါင်းနုတ်၊ တမန်းနှိုး၊ မြေဩဇာကြဲပက်ခြင်းများ ဆောင်ရွက်ရမည့်အပြင် ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းရာနေရာသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒေးဒရဲမြို့၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ဒေးဒရဲ ဩဂုတ် ၂၄**

ဧရာဝတီတိုင်း ဒေသကြီး ဒေးဒရဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း မရှိသော မိုးစပါးစိုက် တောင်သူများအား စပါးအထွက်နှုန်းတိုးတက်စေရေးအတွက် လိုအပ်သောသွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက သွင်းအားစု ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် တောင်သူများ လက်ဝယ်သို့ အချိန်မီဖြန့်ဖြူးပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**ပေးအပ်**

ဆက်လက်၍ တာဝန်ရှိသူများက မြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၂ အုပ်စုရှိ တောင်သူများ၏ မိုးစပါး စိုက်ဧကများအတွက် ယူရီးယားနှင့် ကွန်ပေါင်း ဓာတ်မြေဩဇာများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

# ရပ်စောက်မြို့နယ်၌ မိုးစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဩဂုတ် ၂၄**

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရပ်စောက်မြို့နယ်အတွင်း သမဝါယမအသင်းလီမိတက်များမှ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် သွင်းအားစုဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် အသင်းစုပိုင် စိုက်ပျိုးရေးခြံသို့ ကွင်းဆင်းကြည့်ရှုသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း) သီးနှံများ စိုက်ပျိုးထားရှိသည့် သမဝါယမအသင်းများတွင်



လိုအပ်သော သွင်းအားစုများရရှိစေရေး၊ ငွေကြေးအရင်းအနှီးများ ရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးတောင်း**

# ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းရှိ Wailmar Myanmar ကုမ္ပဏီ၏ ဆီ၊ ဆန်၊ ဂျုံမှုန့်စက်ရုံများတွင် ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းရှိ Wailmar Myanmar ကုမ္ပဏီ၏ ဆီ၊ ဆန်၊ ဂျုံမှုန့်စက်ရုံများတွင် ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှုအခြေအနေများကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Wailmar Myanmar ကုမ္ပဏီ၌ ပြသထားသည့်ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ကုမ္ပဏီ၏ Chairman ဦးမောင်ကျော်က လုပ်ငန်းများထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စက်ရုံအတွင်းရှိ တစ်နေ့လျှင် တန် ၄၆၀ ထုတ်လုပ်နိုင်သည့် စားသုံးဆီထုပ်ပိုးစက်ရုံတွင် လုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှုအခြေအနေများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတံတားတွင် ထုတ်ကုန်များတင်ပို့နေမှုအခြေအနေများကိုလည်းကောင်း၊ တစ်နေ့လျှင် တန် ၁၂၀၀ ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆန်စက်ရုံတွင် လုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှုနှင့် ဆန်အမျိုးအစားများ ခွဲခြားနေမှုများကိုလည်းကောင်း၊ တစ်နေ့လျှင် တန် ၅၃၀ ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဂျုံမှုန့်စက်ရုံတွင် လုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှုအခြေအနေများကို လည်းကောင်း၊ 8MW စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံတွင် လုပ်ငန်းများ လည်ပတ်နေမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# အနောက်ပိုင်းနည်းပညာတက္ကသိုလ် အဝင်လမ်းအထိ ၃၃ ကေဗွီလိုင်းနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အတွင်း ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် FMI အိမ်ရာရှေ့မှ အနောက်ပိုင်းနည်းပညာတက္ကသိုလ် အဝင်လမ်းအထိ ၃၃ ကေဗွီလိုင်းနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဓာတ်အားလိုင်းရွှေ့ပြောင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားရေး၊ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးတို့ကို မှာကြားကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၃၀ ကေဗွီ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်သွားနိုင်ရေး မှာကြားပြီး ဓာတ်အားခွဲရုံဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရေဝတီတိုင်းဒေသကြီးသယံဇာတရေးရာ ဝန်ကြီး ဦးအုန်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ရေဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တာဝန်ရှိသူများက ဟင်္သာတခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားခများ ကောက်ခံမှု၊ မီတာများတပ်ဆင်မှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ရှင်းလင်းဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက ဟင်္သာတခရိုင်အတွင်း လက်ရှိဓာတ်အားရရှိမှုအဆင့်မှ ဓာတ်အားသုံးစွဲသူများပြားလာစေရေး၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းသုံး လုပ်ငန်းများ ပေါ်ထွန်းလာစေရေးနှင့် သုံးစွဲယူနစ်အတိုင်း ဓာတ်အားခများ ကောက်ခံရရှိနိုင်ရေး၊ ဗို့အားပြည့်ဝစေရေး၊ ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်း ကျဆင်းစေရေးနှင့် ဓာတ်အားခဝင်ငွေ တိုးပွားရေး၊ လက်ရှိကြွေးကျန်များ ကောက်ခံရရှိရေး၊ တရားမဝင်သုံးစွဲမှုများ စစ်ဆေးဖော်ထုတ်ရေး ကွင်းဆင်းစစ်ဆေးရာတွင် စစ်ဆေးရေးအဖွဲ့များက သတ်မှတ်ကွင်းဆင်းစစ်ဆေးမှုပုံစံများနှင့် စစ်ဆေးမှတ်တမ်းတင် ဆောင်ရွက်သွားကြရန်၊ ဓာတ်အားစဉ်ဆက်မပြတ်ပေးနိုင်ရေးအတွက် System Improvement လုပ်ငန်းများကို တင်ပြဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် - ၂၀၂၅ အကြိုဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့ ပူးပေါင်းကျင်းပသော မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar : Youth Strategy Forum – 2025) အကြိုဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS) အတွင်းရေးမှူး၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) အဖွဲ့ဝင် ဦးခင်မောင်ဇော် (ဆရာမောင်ကောင်းရိပ်)က ပထဝီနိုင်ငံရေးနှင့် မြန်မာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာနိုင်ဆွေဦးက ပထဝီနိုင်ငံရေးနှင့် အမျိုးသားကာကွယ်ရေး (Geopolitics and National Defense)ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် လူငယ်များ၏သိရှိလိုသည်များကို ဦးခင်မောင်ဇော် (ဆရာမောင်ကောင်းရိပ်)နှင့် ဒေါက်တာနိုင်ဆွေဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။ ယင်းနောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က ဟောပြောကြသည့်ပုဂ္ဂိုလ်များအား တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာဇော်ဦးက ပထဝီစီးပွားရေးနှင့် မြန်မာခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး လူငယ်များ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**




# ငွေစုငွေချေးသမဝါယမအသင်း၏ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက၊ အလက ကျောင်းများ ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲက အထက(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် ဆရာမကြီး ဒေါ်မြင့်မြင့်စိုးက ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မှု၊ အသင်းသားများအပေါ် အသင်းက ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစီးအရာရှိ ဦးသက်ပြင်းက သမအသင်း ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ဆွေးနွေးရှင်းလင်းသည်။

ယင်းနောက် အသင်းသားအမှုဆောင်မှ အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းကာ အစည်းအဝေးတက်ရောက်လာကြသည့် အသင်းသားများအား စုဆောင်းငွေပေါ် အတိုးအစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ဂျပန်တော်ဝင်မင်းသမီး ကာကို အိုဆာကာမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ကုန်သွယ်မှုပြပွဲသို့ တက်ရောက်

**တိုကျို ဩဂုတ် ၂၄**

ဂျပန်အိမ်ရှေ့မင်းသားနှင့် မိဖုရား အာကီရှိနို တို့၏ ဒုတိယသမီးတော်ဖြစ်သည့် ဂျပန်တော်ဝင် မင်းသမီး ကာကိုက အိုဆာကာမြို့၌ ကျင်းပလျက်ရှိ သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ကုန်သွယ်မှုပြပွဲ (2025 World Expo) သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျပန် ထိပ်တန်းလက်မှုပညာသမားများ အဖွဲ့ အစည်းတစ်ခုဖြစ်သည့် ဂျပန် ကိုဂေျအဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သော တော်ဝင်မင်းသမီးကာကိုက ဂျပန်ရိုးရာလက်မှု ပညာများပြသသည့် ပြခန်းသို့ သွားရောက်ခဲ့သည်။

တော်ဝင်မင်းသမီးကာကိုက ယမန်နှစ်တွင် အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့သော ဝါဂျီမာစီးတီး မြို့တော်ဝန်နှင့် အတူ ဂျပန်ယဉ်ကျေးမှုဆိုင်ရာ ယွန်းထည်များကို ကြည့်ရှုခဲ့သည်။

ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများနှင့် ပတ်သက်၍ မြို့တော်ဝန်အား မေးမြန်းခဲ့ကြောင်း သိရသည်။

ထို့နောက် တော်ဝင်မင်းသမီးသည် ဇွန်လတွင် ၎င်းတရားဝင်သွားရောက်လည်ပတ်ခဲ့သည့် ဘရာဇီး နိုင်ငံ၏ ပြခန်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုခဲ့သည်။ ၎င်းအား ပြခန်းတာဝန်ရှိသူများက ဘရာဇီးတိုင်းရင်း သား လူမျိုးပေါင်းစုံနှင့် ယဉ်ကျေးမှုများပါဝင်သည့် ပန်းချီကားများအကြောင်းကို ရှင်းလင်းပြောကြား ခဲ့ကြောင်း သိရသည်။

ထို့ပြင် တော်ဝင်မင်းသမီးက ပီရူးနိုင်ငံ၏ ပြခန်း သို့ သွားရောက်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ပီရူးနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့သည်။ ပီရူးပြခန်းအတွင်း ဂျပန်ချက်ပြုတ်နည်းများကို ပေါင်းစပ်ထားသည့် ပီရူးရေဘဝဲဟင်းလျာများ ပါဝင်သည့် ချက်ပြုတ်ပြသမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**





# အီဂျစ်နိုင်ငံက ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများတင်ဆောင်ထားသော ထရပ်ကားယာဉ်တန်းများ စေလွှတ်

**ကိုင်ရို ဩဂုတ် ၂၄**

အီဂျစ်နိုင်ငံက ဂါဇာကမ်းမြောင်သို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများတင် ဆောင်ထားသော ထရပ်ကားယာဉ်တန်းများကို စေလွှတ်ခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင်သတင်းအေဂျင်စီ က ယနေ့ပြောကြားသည်။

အစ္စရေးက ယခုသီတင်းပတ်ကုန်တွင် နယ်စပ် ဖြတ်ကျော်မှုကို ပိတ်ပင်ခဲ့ပြီးနောက် အီဂျစ်အစိုးရက ယခုအကူအညီများ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အီဂျစ်လခြမ်းနီအဖွဲ့မှ ဦးဆောင်သည့် ဂုဏ်ပြု ထောက်ပံ့မှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အဆိုပါယာဉ်တန်းသည် ဂါဇာသို့မဝင်မီ အစ္စရေး အာဏာပိုင်များ စစ်ဆေးရန်အတွက် ရာဖာမြို့မှ ကီရမ်ရှာလွမ်မြို့သို့ ဖြတ်သန်းသွားခဲ့သည်။

အဆိုပါထရပ်ကားများပေါ်တွင် ပေါင်မုန့်၊ လောင်စာ၊ဆေးဝါးနှင့် အခြားလိုအပ်သော အထောက် အပံ့များ သယ်ဆောင်ခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂက ဂါဇာကမ်းမြောင်ဒေသ၌ အငတ် ဘေးကျရောက်လျက်ရှိကြောင်း အတည်ပြုပြီးနောက် အီဂျစ်အစိုးရက အဆိုပါ လူသားချင်းစာနာထောက် ထားမှု အကူအညီများ ပေးပို့ခြင်းဖြစ်သည်။

အဓိကရုဏ်းဖြစ်ပွားသည့်အချိန်မှစပြီး ဂါဇာ ကမ်းမြောင်သို့ ပေးပို့သည့် အကူအညီအားလုံး၏ ၇၀ ရာခိုင်နှုန်းကျော်ကို အီဂျစ်အစိုးရက ထောက်ပံ့ ခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြီးခဲ့ သည့်သီတင်းပတ်တွင် ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်း ၆၂၆၈၆ ဦး သေဆုံးပြီး ၁၅၇၉၅၁ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ယနေ့ အတည်ပြု ပြောကြားသည်။ အငတ်ဘေးနှင့် အာဟာရချို့တဲ့မှုကြောင့် ကလေးငယ် ၁၁၅ ဦး အပါအဝင် ၂၈၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံတွင် ကျည်ဆန်ရထားပြေးဆွဲမည်

**အစ္စလာမာဘတ် ဩဂုတ် ၂၄**

ပါကစ္စတန်နိုင်ငံ၏ ပထမဆုံး ကျည်ဆန်ရထား ပြေးဆွဲမည့် စီမံချက်ကို တရုတ်နိုင်ငံ ရထားပို့ဆောင် ရေးကော်ပိုရေးရှင်း၏ အကူအညီဖြင့် ဆောင်ရွက်မည် ဖြစ်ကြောင်း ပါကစ္စတန်ရထားပို့ဆောင်ရေးဌာနက ပြောကြားသည်။

လာဟိုးနှင့် ကရာချီအကြားပြေးဆွဲမည့် ၎င်း ရထားသည် ၂၀၃၀ အရောက်တွင် ခရီးသွားလာမှု ကြာချိန်ကို ငါးနာရီအထိ လျှော့ချနိုင်မည်ဖြစ်သည်။

မူလက ၎င်းခရီးစဉ်၏ ကြာချိန်မှာ နာရီ နှစ်ဆယ်ရှိသည်။ ကျည်ဆန်ရထားပြေးဆွဲမည့်အစီ အစဉ်သည် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံစီမံ ကိန်းအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရထား ပို့ဆောင်ရေးဝန်ကြီး ဟာနပ်အဗာဆီက ပြောကြား သည်။ တစ်နာရီလျှင် နှစ်ရာ့ငါးဆယ် ကီလိုမီတာ အမြန်နှုန်းဖြင့် ပြေးဆွဲမည့် အဆိုပါခရီးစဉ်သည် ဟိုက်ဒရာဘတ်၊ မူတန်နှင့် ဆာဟီဝါတို့တွင် ခေတ္တ ရပ်နားမည်ဖြစ်သည်။ ရထားပြေးဆွဲရန်အတွက် ရထားလမ်းပိုင်းအဆင့်မြှင့်ခြင်း၊ တံတားများပြန်လည် တည်ဆောက်ခြင်းနှင့် လမ်းပိုင်းအချက်ပြစနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင် ရွက်မည်ဖြစ်သည်။ ကျည်ဆန်ရထားပြေးဆွဲခြင်းဖြင့် ဒေသခံများအတွက် အချိန်အနည်းငယ်အတွင်း ခရီးမိုင်ပေါင်းများစွာကို သွားလာနိုင်သည့်အပြင် အလုပ်အကိုင်များဖန်တီးပေး နိုင်ကာ ဒေသတွင်း ကုန်စည်စီးဆင်းခြင်းကိုလည်း လွယ်ကူစေမည် ဖြစ်သည်။ ရထားပြေးဆွဲခြင်းဖြင့် ကုန်ကျစရိတ် များပြားသည့် အဝေးပြေးလမ်းမှ ကုန်ပို့ဆောင်ခြင်းကို လျှော့ချနိုင်ကာ ပြည်ပမှ လောင်စာဆီတင်သွင်း ရခြင်းကို လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေကုန်ကျမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–ရေဒီယိုပါကစ္စတန်**

**ဘာသာပြန်–စိုးသူရ**



# ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ ပါလက်စတိုင်း သတင်းထောက်တစ်ဦး သေဆုံး

**ဂါဇာစီးတီး ဩဂုတ် ၂၄**

ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ အစ္စရေးတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း သတင်းထောက်တစ်ဦး ယမန်နေ့တွင် သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များအရ သိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိ တရားဝင် ပါလက်စတိုင်းရုပ်သံလိုင်းမှ ဓာတ်ပုံ သတင်းထောက် ခါလတ်-အယ်လ်မက် ဒူသည် အစ္စရေးတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

သတင်းထောက်များကိုပစ်မှတ်ထား ခြင်းသည် အမှန်တရားကိုဖုံးကွယ်ရန် ကြိုးပမ်းသည့် ရာဇဝတ်မှုဖြစ်ကြောင်း ပါလက်စတိုင်းသတင်းထောက်များအဖွဲ့ က ပြောကြားသည်။

သတင်းထောက် အယ်လ်မက်ဒူ သေဆုံးမှုအပါအဝင် ဂါဇာကမ်းမြောင်၌ သေဆုံးခဲ့သည့် ပါလက်စတိုင်းသတင်း ထောက် အရေအတွက်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်၍ ၂၄၀ အထိ ရှိကြောင်း ပါလက်စတိုင်းသတင်း ထောက်များအဖွဲ့က ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အစ္စရေးတပ်ဖွဲ့က မည်သည့်မှတ်ချက်မျှ ပေးခြင်းမရှိပေ။

**ပျက်စီးခဲ့ရ**

အစ္စရေးနှင့် ဟားမတ်စ် အပြန်အလှန် တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၆၂၀၀၀ ကျော် သေဆုံးပြီး လူနေအိမ်များ နှင့် အခြေခံအဆောက်အအုံများ ပျက်စီး ခဲ့ရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံတွင် စားရေရိက္ခာဖူလုံရေးအတွက် အအေးခန်းသိုလှောင်ရုံများ တည်ထောင်မည်

**ကဘူး ဩဂုတ် ၂၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် စားရေ ရိက္ခာဖူလုံရေးအတွက် အအေးခန်းသို လှောင်ရုံများကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် တည်ထောင်မည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်သိုလှောင်သည့် အအေး ခန်းသိုလှောင်ရုံများကို ဂန်ဇီ၊ ဒေကာဒီ၊ ဗာကာရှန်၊ ပက်တီယာနှင့် ကန်ဒါဟာ ပြည်နယ်များတွင် တည်ထောင်မည်ဖြစ် သည်။ ယင်းသို့ တည်ထောင်ခြင်းသည် သီးနှံဆုံးရှုံးမှု လျှော့ချရေး၊ ဈေးနှုန်း တည်ငြိမ်ရေးနှင့် စားရေရိက္ခာဖူလုံရေး အတွက်ဖြစ်ပြီး ကြက်သွန်တောင်သူ များ၏ တောင်းဆိုမှုကြောင့်ဖြစ်သည်။

သီးနှံထုတ်လုပ်မှုကို ပံ့ပိုးပေးကာ စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးစေကြောင်း သိရ သည်။ ယခင်က နိုင်ငံအတွင်းသီးနှံသိုလှောင် ရေးအတွက် အခြေခံအဆောက်အအုံ များချို့တဲ့မှုကြောင့် သီးနှံထုတ်လုပ်ခြင်း တွင် အခက်အခဲများရှိကြောင်း သိရ သည်။

**ကိုးကား–ဆင်ဟွာ၊ဘာသာပြန်–စိုးသူရ**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် ည ၈ နာရီခွဲတွင် သတင်းအရ တောင်ကြီးမြို့ အေးသာယာကားကြီးဝင်းတွင် မူဆယ်မြို့နေ သိန်းထွန်းဦး (ခ) ဘိုဘိုက မန္တလေးသို့ လူမဲ့တန်ဆာဖြင့် တင်ပို့မည့် WATER COOLER ရှစ်လုံးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ဘိန်းဖြူ ၇ ဒသမ ၀၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၅၃ သိန်း) ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ အလားတူ WATER COOLER များအတွင်း ဘိန်းဖြူများထည့်သွင်း၍ ကားဂိတ်များမှတစ်ဆင့် လူမဲ့တန်ဆာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ တင်ပို့ထားကြောင်း သိရှိရသဖြင့် သိမ်းဆည်းရမိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် မြို့ပတ်လမ်းရှိ ကုန်စည်ဂိတ်၌ မူဆယ်မြို့နေ ဇင်ကိုအောင် (ခ) အောင်သူအား WATER COOLER ၁၃ လုံးနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး ၎င်းတည်းခိုနေထိုင်သည့် အောင်မြေသာစံမြို့နယ် သီရိမန္တလာကားဝင်းအနီးရှိ တည်းခိုခန်းကို ဆက်လက်ရှာဖွေရာ မုံရွာမြို့ သလ္လာရပ်ကွက်နေ မင်းမင်းဇော် (ခ) ကိုဇော်နှင့်အတူ WATER COOLER ၁၀ လုံးကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် သီရိမင်္ဂလာကားဝင်းရှိ ကားဂိတ်သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားသော WATER COOLER ၁၁ လုံးနှင့် ချမ်းမြသွေပြည်ကားဝင်းရှိ ကားဂိတ်မှ WATER COOLER ငါးလုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးမြို့တွင် ကလေးမြို့သို့ ဆက်လက်ပို့ဆောင်မည့် WATER COOLER ၃၉ လုံးအတွင်းမှ ဘိန်းဖြူ အလေးချိန် ၃၄ ဒသမ ၆၄ ကီလို (၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၈၆၆၀) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇင်ကိုအောင် (ခ) အောင်သူနှင့် မင်းမင်းဇော်(ခ) ကိုဇော်တို့က အလားတူ WATER COOLER များအား မန္တလေးက ကလေးမြို့သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သိမ်းဆည်းရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ ကားဂိတ်တွင် WATER COOLER နှစ်လုံးကိုလည်းကောင်း၊ ၎င်းတို့ ငှားရမ်းနေထိုင်သော မုံရွာမြို့ သလ္လာရပ်ကွက်ရှိ နေအိမ်အတွင်းမှ WATER COOLER ၁၄ လုံးကိုလည်းကောင်း ထပ်မံသိမ်းဆည်းရရှိခဲ့သဖြင့် မုံရွာမြို့၌ သိမ်းဆည်းရမိသည့် WATER COOLER ၁၆ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၁၄ ဒသမ ၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၇၃၅၀) ဖြစ်သဖြင့် သိမ်းဆည်းရမိမှု စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၅၆ ဒသမ ၃၆ ကီလို(၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၇၀၆၃ ဘီလီယံ)ဖြစ်ကြောင်း။




ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ တရားခံ ဘောက်လာ (ခ) ဂျိမ်းဖောနှင့် မန္တလေးမြို့၌ တရားခံ မင်းမင်းဇော် (ခ) ကိုဇော်၊ ဇင်ကိုအောင် (ခ) အောင်သူ၊ ချစ်မင်းဟန် (ခ) အစွယ်တို့အား သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီတွင် ဘိန်းဖြူများကို လားရှိုးမှ ကလေးသို့ တာဝန်ခံသယ်ဆောင်သူ ဘောက်လာ (ခ) ဂျိမ်းဖောအား မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘိန်းဖြူများကို ဝယ်ယူ၍ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ စိန်းလျံထန်နှင့် အာကာလင်းတို့အား ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မန္တလေးမှကလေးသို့ ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူ ချစ်မင်းဟန် (ခ) အစွယ်အား ဩဂုတ် ၁၂ ရက် မွန်းလွဲ ၃ နာရီတွင် အောင်မြေသာစံမြို့နယ် သီရိမာလာ (အရှေ့) ရပ်ကွက်တွင်လည်းကောင်း ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဝမ်စန့်ကျေးရွာနေ အိုက်ငင်းဦး (ခ) အိုက်ကျန်ဦး (ဖမ်းဆီးရန်ကျန်) ထံမှ ကလေးမြို့နေ လာလ်ပဲက်စိုင်း (ဖမ်းဆီးရန်ကျန်)နှင့် ဝူလ်မွေး(ဖမ်းဆီးရန်ကျန်) တို့က ဝယ်ယူ၍ ကလေးမြို့သို့ အဆင့်ဆင့်သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၄

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ဩဂုတ် ၂၂ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် အတွင်း၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာ၌ ယာဉ်ရှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၈၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၃၈၁၂၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck တစ်စီး၊ Nissan Diesel Truck သုံးစီး၊ Hino Profia Truck တစ်စီး၊ Jing Gong Tractor Head တစ်စီး၊ Cheng Long Tractror Head တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၁၈၁၂၅၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သန်လျင်မြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်တစ်စီး၊ ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ ၉၉ ပီပါနှင့် ပီပါခွံ ၁၄၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၈၅၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူ ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ လိုင်စင်မဲ့ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၈၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၆၅၀၀၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှု ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံး အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၃၈၀၀၂၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၃ ရက်တွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ ခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၈၈၄၀၀၀) ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၇ စီးကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၉ ရက်၊ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၅ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၁၇၃၃၁၅၈၀)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ



TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှု




❖ ကျောဖုံးမှ

ဂုတ်ထိပ်တံတားသည် တံတားအရှည်ပေ ၂၂၆၀၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်း တံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကို တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင် လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ ပြည်ပ ခရီးသွားများလည်း အများအပြား လာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်းဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းများတွင်လည်း ပါဝင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နောင်ချိုမြို့အား ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့်အတူ နယ်မြေသတင်းများ ထောက်လှမ်းရယူကာ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့်တိုက်ခိုက်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ ၁၂:၀၀ နာရီချိန်ခန့်တွင် နောင်ချိုမြို့ တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှု မရရှိခြင်း၊ တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်များအား ဆက်လက်ခုခံနိုင်မှုမရှိခြင်းတို့ကြောင့် ထိခိုက်ကျဆုံးများစွာဖြင့် ကျောက်မဲမြို့နယ်ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး **နောင်ချိုမြို့နယ် နောင်ချို –ကျောက်မဲ ကားလမ်း ဂုတ်တွင်းအတက်လမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတား ကျောက်မဲမြို့ဘက်အခြမ်းတွင် လည်းကောင်း၊ ဂုတ်ထိပ်တံတားနှင့် ကျောက်မဲမြို့ကြားရှိ နောင်ပိန်ရွာတွင်လည်းကောင်း ယာယီအခြေပြု၍** အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်နည်းဗျူဟာမြောက် ခက်ခဲကြမ်းတမ်း ပင်ပန်းစွာဖြင့် ရန်သူထင်မှတ်မထားသည့် လမ်းကြောင်းများမှ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဩဂုတ်လ ၂၃ ရက်နေ့တွင် နောင်ပိန်ရွာကို အပြီးတိုင် ပြန်လည်ထိန်းချုပ်ရချိန်၌ သောင်းကျန်းသူများအနေဖြင့် ကျေးရွာရှိ လူနေအိမ်များအား ယုတ်မာရက်စက်စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့ကာ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ယနေ့နံနက်ပိုင်းတွင် **မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB –2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရသည်။**

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူများ အမြစ်ပြတ်ချေမှုန်းရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို လိုအပ်သလို ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နမ့်စန်၌ ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်း ပညာရည်ချွန်ဆုများချီးမြှင့်

**နမ့်စန် ဩဂုတ် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကျင်းပသော နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (နမ့်စန်)သရဖီခန်းမ၌ ကျင်းပသည်။



ဦးစွာ သဘာပတိ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုက အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားတင်ပြကာ အသင်းသားများ၏ အတည်ပြုချက်ကိုရယူကြသည်။

ထို့နောက် ပညာရည်ချွန်ဆုများကိုချီးမြှင့်ရာ ခရိုင်ပညာရေးမှူး ဦးကျော်နိုင်သွင်နှင့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အသင်းသား အသင်းသူများ၏ သားသမီးများထဲမှ ၂၀၂၄–၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၁၇ ဦးနှင့် လူရည်ချွန်ရရှိသူ နှစ်ဦး စုစုပေါင်း ၁၉ ဦးတို့အား တစ်ဦးလျှင် ထူးချွန်ဆုငွေကျပ် ၃၀၀၀၀ နှင့် ဂုဏ်ထူးရ တစ်ဘာသာအတွက် ငွေကျပ် ၁၀၀၀၀ တို့ကို ဂုဏ်ပြုပေးအပ်ချီးမြှင့်သည်။ **သူရအောင်(နမ့်စန်)**



## ဒေါပုံမြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ဒေါပုံ ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ပုသိမ်မြေရပ်ကွက်ရှိ ရွှေယမုံခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် သမဝါယမအသင်းများမှ အသင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒေါပုံမြို့နယ် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးဘုန်းနိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒေါပုံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းသိမ့်သိမ့်ဖြိုးက ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအပေါ် ရှင်းလင်းပြောကြားပြီး အသင်းစု၏ ရှေ့လုပ်ငန်းစဉ်များအပေါ် လိုက်နာဆောင်ရွက်ရေးတို့ကို တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို တာဝန်ရှိသူများက ဖတ်ကြားရှင်းလင်းကြပြီး အစည်းအဝေးအပြီးတွင် အသင်းဝင်များအား ကုန်ဝယ်ပေါ် ပြန်အမ်းငွေနှင့် ထည့်ဝင်ငွေပေါ် အမြတ်ငွေများကို ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**

## ကဝမြို့နယ်၌ အိမ်ထောင်စုစာရင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ကဝ ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးက ကျင်းပသည့် ဥပဒေအရ ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးနှင့် အိမ်ထောင်စုစာရင်းဆိုင်ရာဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဖြူဖြူက ဥပဒေအရ ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး၊ အိမ်ထောင်စုစာရင်းဆိုင်ရာများနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးနိုင်ရေးအတွက် နိုင်ငံသားမှတ်ပုံတင်ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းရရှိရေးဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရေးပြောကြားရာ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကျော်က ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မြို့နယ်လဝကဦးစီးမှူး ဦးဝင်းဆန်းက ရွေးကောက်ပွဲအတွက် လူဦးရေသန်းခေါင်စာရင်းများအား ၈ လပိုင်းကုန် အချိန်မီတင်ပြဆောင်ရွက်နိုင်ရေး ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

# ချစ်ခြင်းကို မခွဲပါနဲ့

သဲဟန်(ဘန်ကောက်)

ချစ်ခြင်း၊ မုန်းခြင်း လွန်ဆွဲပွဲမှာ နှလုံးသား ဝံပုလွေအဖြူနဲ့ ဝံပုလွေအမည်း အားပြိုင်တဲ့အခါ ဘယ်သူက နိုင်နေတာလဲ။ ခန္ဓာကိုယ်အတွင်း အဖြူရောင်အသင်းနဲ့ အမည်းရောင်အသင်း တစ်ကိုယ်တော်ကန်ရတဲ့ဘောလုံးပွဲကိုယောဆရာတော်ဘုရားကြီးက **“ခန္ဓာကိုယ်တွင်း ချန်ပီယံဗိုလ်လုပွဲ”**လို့ တင်စားပါတယ်။

ဟိုမှာလည်း ရန်ပွဲ၊ ဒီမှာလည်း ရန်ပွဲ၊ ဟိုမှာလည်း စစ်ပွဲ၊ ဒီမှာလည်း စစ်ပွဲ။ လူတွေဟာ ထစ်ခနဲဆို သွေးဆူ၊ စိတ်ဆတ်၊ အထိမခံ ရွှေပန်းကန်၊ ဒေါသမထိန်းနိုင်ဘဲ တုတ်ဆွဲ၊ ဓားဆွဲနဲ့ ဘယ်နေရာပဲကြည့်လိုက်၊ ကြည့်လိုက် စိတ်မချမ်းသာစရာ။ ကမ္ဘာကြီးဟာ ဒုက္ခသည်စခန်းကြီး ဖြစ်နေပါပကောလား။

**ဖြတ်သန်းခဲ့တဲ့ ရက်၊ လ၊ နှစ်တွေ**

ဖြတ်သန်းခဲ့တဲ့ ရက်၊ လ၊ နှစ်တွေ ပြန်ကြည့်လိုက်ရင် ရန်ပွဲ၊ စစ်ပွဲ၊ တိုက်ပွဲတွေ မနည်းလှဘူး။ နယ်မြေလုတဲ့ စစ်ပွဲ၊ နယ်ချဲ့စစ်ပွဲ၊ အယူအဆမတူတဲ့ နိုင်ငံရေးစနစ်ချင်းတိုက်တဲ့ စစ်ပွဲ၊ ကွန်မြူနစ်နဲ့ အရင်းရှင်၊ ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်ဒီမိုကရေစီနဲ့ အာဏာရှင်စစ်ပွဲ၊ အရှေ့နဲ့ အနောက်ကုန်သွယ်ရေး စစ်ပွဲ၊ ဘာသာရေးစစ်ပွဲ၊ ဘိန်းစစ်ပွဲ၊ လူမျိုးရေးစစ်ပွဲ၊ လက်ဝဲလက်ယာ တိုက်ပွဲ၊ ပြန်ကြည့်လိုက်ရင် အရင်းစစ်တော့ တစ်ကိုယ်ကောင်းဆန်မှု၊ အတ္တကြီးမှု၊ လောဘ၊ ဒေါသ၊ မောဟကြီးမှု၊ ဟီရိသြတ္တပ္ပဆိုတဲ့ အရှက်အကြောက်မရှိ၊ ရက်စက်ကြမ်းကြုတ်မှုတွေကနေ မြစ်ဖျားခံလာခဲ့ကြတာပါပဲ။

အခါတစ်ပါးမှာ မြတ်စွာဘုရားက သိကြားမင်းကို မေးလျှောက်လိုတဲ့ ပြဿနာတွေရှိပါက လျှောက်ထားဖို့ သင့်ယုံမှားသံသယကို ဖြေရှင်းပေးအံ့လို့ မိန့်တော်မူပါတယ်။ ဒီတော့ သိကြားမင်းက မြတ်စွာဘုရားကို လျှောက်ထားပါတယ်။ **“အရှင်ဘုရား ရန်ငြိုးကင်းလျက်၊ ဒဏ်ကင်းကုန်လျက်၊ ရန်သူကင်းကုန်လျက်၊ အမျက်ဒေါသထွက်ခြင်းကင်းကုန်လျက်နေကြရပါစေလို့ နတ်လူသတ္တဝါအများတို့ တောင့်တကြပါသော်လည်း ထိုထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ဒဏ်ရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်းရှိကုန်လျက်၊ အမျက်ရန်ရှိကုန်လျက်နေကြရပါကုန်၏။ ဤသို့နေရခြင်းသည် အဘယ်အနှောင်အဖွဲ့ကြောင့်ပါနည်း”** ဟု နတ်တို့၏ အရှင်သိကြားမင်းက မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။

ဤသို့ဖြစ်ရခြင်းက **“ဣဿာ၊ မစ္ဆရိယ သံယောဇဉ်ကြောင့်ဖြစ်၏”**လို့ ဘုရားရှင်က ဖြေတော်မူပါတယ်။

ဆိုလိုတာက ဒီကနေ့ ရန်ငြိုးရန်စတွေ၊ ရန်ပွဲတွေ၊ စစ်ပွဲတွေ၊ နယ်မြေလုပွဲ၊ သယံဇာတလုပွဲ၊ စစ်ရေးလက်နက်ဗျူဟာအားပြိုင်ပွဲ၊ အုပ်စုဖွဲ့ဗိုလ်ကျ၊ အနိုင်ကျင့်၊ နိုင်ငံရေးမတူမှု၊ အယူအဆမတူမှု စစ်ပွဲတွေရဲ့



Adapted from: Gilbert, P. (ed) (2005). Compassion: Conceptualisations, Research and Use in Psychotherapy. Routledge.

အကြောင်းရင်းမည်ပါသတဲ့။

ဣဿာဆိုတာ ကိုယ့်မှာမရှိ၊ သူများမှာရှိတာကို လိုချင်တာ။ ပစ္စည်းမဲ့ဒေါသတဲ့။ သူများမှာရှိတဲ့ ဘုန်းကံ၊ စည်းစိမ်ဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ၊ တိုက်တာ၊ ယာဉ်၊ ရာထူး၊ အာဏာကို မနာလို မရှုဆိတ်၊ လိုချင်တာ၊ ကိုယ့်မှာရှိချင်တာ။ မစ္ဆရိယဆိုတာကတော့ ကိုယ့်မှာရှိတဲ့ပိုင်ဆိုင်မှု သူများကို မပေးချင်တာ၊ ကိုယ့်ရဲ့ရာထူး၊ စည်းစိမ်၊ အာဏာ၊ အခွင့်အရေးတွေ၊ ကိုယ့်မှာရှိသလို သူများမှာရှိသွားမှာ စိုးရိမ်၊ မလိုလား မရှုဆိတ်တာ။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ပွဲဆိုတာလည်းပဲ ကိုယ့်ရှိတဲ့ စစ်အင်အားလက်နက်၊ နည်းပညာဆန်းပြားမှုကို သူ့နိုင်ငံမှာရှိသွားမှာ စိုးရိမ်တာ။ ဒီဣဿာ၊ မစ္ဆရိယကိုအခြေခံပြီး အုပ်စုဖွဲ့တာ၊ လူမွေးတာ၊ ရန်ငြိုးဖွဲ့တာ၊ ရန်တိုက်တာ၊ ကုန်းချောတာ၊ အထင်လွဲအောင် ကြားက ကုလားဖန်ထိုးတဲ့ ဝစီဒုစရိုက်၊ ကာယဒုစရိုက်၊ မနောဒုစရိုက်တွေကနေ လွန်ကျူးလာတဲ့ စစ်မီးတောက်တွေပါပဲ။

လူတစ်ယောက်နဲ့တစ်ယောက် မနာလိုလို့ အထင်လွဲအောင် ခြေထိုးတာ၊ ကုန်းတိုက်တာ၊ အဆင်းတွန်းတာ၊ ချစ်ခြင်းကို ခွဲတာဟာ နေရာတိုင်းမှာ မရှိဘူးမထင်လိုက်ပါနဲ့။ ရုံးဌာနတွေမှာ အထက်ကိုဖား၊ အောက်ကိုဖိ၊ တန်းတူကို ခြေထိုးလိုက်၊ မေးထိုးလိုက်၊ ဆီမီးခွက်က ကဗျာလွတ်ကနေကြတာမှ ဒုနဲ့ဒေး။ လူကြီးဆီက အမှတ်ရအောင် ကြံစည်၊ အရောင်ဆိုးတာ၊ မျက်နှာဖုံးစွပ်ထားတာတွေ၊ ဌာနတိုင်း၊ ရာထူးအဆင့်တိုင်း၊ ယုတ်စွအဆုံး သာသနာ့နွယ်ဝင်တွေထဲမှာတောင်တွေ့နေရတာ ရင်နာမဆုံးပါဘူး။

**ကုသိုလ်နဲ့ ကိလေသာစစ်ပွဲ**

သူများကို ဘဝပျက်အောင် နင်းချေတက်ပြီးမှ ကိုယ့်နေရာရအောင်ယူကြတာ အတော်ဆိုးဆိုးရွားရွားပါပဲ။ ကုသိုလ်နဲ့ ကိလေသာစစ်ပွဲ၊ ခန္ဓာတွင်း၊ ဦးနှောက်တွင်းက ဝံပုလွေအဖြူနဲ့အမည်း စစ်ပွဲ၊ နှလုံးသားအဖြူအသင်းနဲ့ အမည်းအသင်း ဘောလုံးပွဲမှာ သူသေ၊ ကိုယ်သေ လူချနေကြ၊ ကန်ကျောက်နေကြတာလေ။ နှလုံးသားအဖြူ အမည်း တိုက်ပွဲဟာ ဦးနှောက်အစိတ်အပိုင်းတွေနဲ့ ချိတ်ဆက်နေပါတယ်။ ဣဿာ၊ မစ္ဆရိယ မနာလိုမှုကနေ မြစ်ဖျားခံလာခဲ့တဲ့ ဒေါသမီး၊ ဒီမီးကို တချို့က စိတ်ထဲမှာ ဝှက်ဖဲလို သိမ်းထားလေ့ရှိပြီး အငုံ့စိတ်ကနေ ဖွဲမီးလို တငွေ့ငွေ့လောင်ကျွမ်းပြီး တစ်ဖက်သားကို မလိုတမာစိတ်နဲ့ ချောက်ချအကောက်ကြံတဲ့ ဖွဲမီးလို ဒေါသကတစ်မျိုး၊ ဒီဣဿာ၊ မစ္ဆရိယကနေစတဲ့ ဖွဲမီးကနေ မီးလောင်လေပင့် မထိန်းသိမ်းနိုင်တော့ဘဲ ပေါက်ကွဲလောင်ကျွမ်း၊ ထိန်းမနိုင်သိမ်းမရတဲ့ ဒေါသမီးကနောက်တစ်မျိုးပေါ့။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ချားလ်စ်ဝစ်မန်ဆိုတဲ့ လူတစ်ယောက် အမေရိကန်နိုင်ငံ တက္ကဆပ်တက္ကသိုလ်ရဲ့ မျှော်စင်အမြင့်ကြီးပေါ်ကနေ လူများစွာကို သတ်ဖြတ်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ်လည်းပဲ အဆုံးစီရင်သွားပါတယ်။ ပညာရှင်တစ်စုနဲ့ မှုခင်းဆရာဝန်တွေက သူ့ရုပ်အလောင်းကို ခွဲစိတ်စစ်ဆေးကြည့်ရာမှာတော့ ကင်ဆာကျူမာဟာ ဦးနှောက်ဝံပုလွေအမည်းဆိုတဲ့ Amygdala ပေါ်မှာ ပိနေတာကို တွေ့ကြရပါသတဲ့။ တကယ်တော့ အပျက်သဘောဆောင်တဲ့စိတ်ခံစားချက် Destructive Emotion ဟာ ဦးနှောက်ရဲ့ Frontal Lobe ရယ်၊ Amygdala နဲ့ ဆက်နွယ်လျက်ရှိပြီး ပုံမှန်အားဖြင့် ကြိုတင်သတိပေးနှိုးဆော်မှု ပြုလေ့ရှိပါတယ်။

ဒီလို မထိန်းနိုင်မသိမ်းနိုင်လောက်အောင် ပေါက်ကွဲပြင်းထန်တဲ့ဒေါသမီးဟာ ဝံပုလွေအမည်းမှာ ကြိုတင်အချက်ပြလို့ မရနိုင်လောက်အောင်ဘဲ Amygdala အရွယ်အစားကျုံ့ပြီး ပျက်စီးနေတဲ့ပုံပေါ်ပါတယ်။ ဦးနှောက်ဝံပုလွေအမည်း Amygdala ဟာ ဒီလိုအကြမ်းဖက်တိုက်ခိုက်မှု ဆင်ခြင်စဉ်းစားတွေးတောနိုင်ခြင်း ကင်းမဲ့နေမှုနဲ့ ဆက်နွယ်ပတ်သက်နေတယ်လို့ ဦးနှောက်ပညာရှင်တွေက ယူဆကြပါတယ်။ ဒီလို စိတ်ဆိုး၊ စိတ်ကျ၊ စိတ်ခံစားမှု ထိန်းချုပ်မှုနဲ့ပတ်သက်ပြီး စိတ်ရောဂါပညာရှင် PAUL GILBERT က စိတ်ထိန်းချုပ်မှုဆိုင်ရာ ဦးနှောက်ရဲ့စနစ်သုံးခုနဲ့ CFT လို့ အတိုကောက်ခေါ်တဲ့ Compassionate Focused Therapy ဆိုတဲ့ ကရုဏာပွားပြီး ဆေးကုသထုံးကို သုတေသနပြုရှာဖွေဖော်ထုတ်ခဲ့ပါတယ်။

ဒီစနစ်သုံးခုကတော့ –

၁။ Threat System .

၂။ Drive System .

၃။ Soothing System . ရယ်လို့ ဦးနှောက်အစိတ်အပိုင်းတွေမှာ သတိပေးနှိုးဆော်ထိန်းချုပ်နိုင်စွမ်းကို သုတေသနပြု ရှင်းပြထားပါတယ်။

Threat System ဆိုတာကတော့ ခြိမ်းခြောက်မှုတွေ၊ ကြောက်စရာ၊ ထိတ်လန့်စရာတွေ၊ စိတ်ပူပင်စရာတွေ၊ စိတ်ဆိုး၊ ဒေါသထွက်နိုင်စရာ၊ မုန်းတီးမှုတွေ၊ မုန်းစွဲတွေနဲ့ပတ်သက်နေပါတယ်။ ဒီတစ်မျိုးမျိုး ကြုံတော့မယ်ဆိုရင် သူကအချက်ပြ သတိပေးပါတယ်။ ဒီအခါမှာ Fight၊ Flight၊ Freeze တစ်ခုခု ဖြစ်နိုင်ပါတယ်။ ကြုံလာတဲ့အန္တရာယ်ကို ငြိမ်ခံမနေဘဲ ပြန်ခုခံတိုက်ခိုက်တာက Fight၊ မနိုင်ဘူးထင်ရင် မတိုက်ဘဲ ထွက်ပြေးတာ Flight၊ နောက်ဆုံး Freeze ဆိုတာက ပြန်လည်းမခုခံ၊ ထွက်လည်း မပြေးနိုင်၊ ဘာမှပြန်မလုပ်နိုင်ဘဲ အေးခဲတောင့်တင်းသွားတဲ့အနေအထားကို ဆိုလိုတာပါ။ ခုနက တက္ကဆပ်တက္ကသိုလ်မှာ ဝင်သတ်သွားတဲ့သူက ဒီစနစ်တွေ ဦးနှောက်ချို့ယွင်းနေပုံပေါ်ပါတယ်။

Drive System ဆိုတာကတော့ လိုချင်တာ၊ ရချင်တာကို ရအောင်ယူဖို့၊ ပိုင်ဆိုင်ဖို့ လှုံ့ဆော်တိုက်တွန်းတဲ့စနစ်ဖြစ်ပါတယ်။ ရာထူးလိုချင်တယ်။ ခြောက်ဘာသာဂုဏ်ထူးထွက်ချင်တယ်၊ သန်းကြွယ်သူဌေးဖြစ်ချင်တယ်၊ ဒီဘဝတိုက်ပွဲမှာ ငါနိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကြီးကြီးမားမားထားတဲ့စိတ်၊ အကောင်းဘက်ကကြည့်ရင် အောင်မြင်မှုပန်းတိုင်ကိုရောက်ဖို့ အားသွန်ခွန်စိုက်ရောက်အောင်သွားချင်တဲ့စိတ်၊ တစ်ချိန်တည်းမှာပဲ စိတ်ဖိစီးမှုတွေများပြီး ရောဂါတောင်ဖြစ်စေနိုင်ပါတယ်။

Soothing System ကတော့ စိတ်အေးအေး၊ သက်သောင့်သက်သာနဲ့ ပြဿနာကို တည်တည်ငြိမ်ငြိမ် ကိုင်တွယ်နိုင်စွမ်း၊ စိတ်လုံခြုံမှု၊ စိတ်ကျေနပ်မှု၊ စိတ်အေးချမ်းနေတဲ့ ဦးနှောက်အစိတ်အပိုင်းဖြစ်ပါတယ်။ ဒီ Soothing System က အားကောင်းစေဖို့ မိမိစိတ်ကိုစောင့်ကြည့်တဲ့ မိမိအမူအရာတစ်ခုချင်းတိုင်းကို သတိပြုစောင့်ကြည့်လေ့ကျင့်တဲ့ သတိပဋ္ဌာန်တရားရှုမှတ်ခြင်းဖြင့် ဒီ Soothing System အားကြီးပြီး ကျန်တဲ့ Threat System နဲ့ Drive System ဦးနှောက်အစိတ်အပိုင်းတွေကျုံ့သွားတာ လက်တွေ့အထောက်အထားတွေ့ရှိခဲ့ပါတယ်။

**အကောင်းတွေးတဲ့ ကရုဏာစိတ်တွေ**

Paul Gilbert ရဲ့ CFT က ကရုဏာတရားပွားများတဲ့ တရားနှလုံးသွင်းမှုကို လေ့ကျင့်ယူစေပြီး ကုသတာပါ။ ဒီလိုလေ့ကျင့်ရင် ချစ်ခြင်းမေတ္တာဖော်ဆောင်တဲ့ Endorphins ဟော်မုန်းတွေ ထွက်လာတာပါ။ Neuromodulator ဆိုတာနဲ့ ဟော်မုန်းတွေက အကောင်းတွေးတဲ့ ကရုဏာစိတ်တွေ ဖြစ်စေနိုင်တာပါ။ တရားထိုင်ရင် ဟော်မုန်းတွေက **စာမျက်နှာ ၁၇ သို့** ■

**“သူများကိုဘဝပျက်အောင် နင်းချေတက်ပြီးမှ ကိုယ့်နေရာရအောင်ယူကြတာ အတော်ဆိုးဆိုးရွားရွားပါပဲ။ ကုသိုလ်နဲ့ ကိလေသာစစ်ပွဲ၊ ခန္ဓာတွင်း၊ ဦးနှောက်တွင်းက ဝံပုလွေအဖြူနဲ့ အမည်း စစ်ပွဲ၊ နှလုံးသားအဖြူအသင်းနဲ့ အမည်းအသင်း ဘောလုံးပွဲမှာ သူသေ၊ ကိုယ်သေ လူချနေကြ၊ ကန်ကျောက်နေကြတာလေ။ နှလုံးသားအဖြူ၊ အမည်း တိုက်ပွဲဟာ ဦးနှောက်အစိတ်အပိုင်းတွေနဲ့ ချိတ်ဆက်နေပါတယ်။ ဣဿာ၊ မစ္ဆရိယ မနာလိုမှုကနေ မြစ်ဖျားခံလာခဲ့တဲ့ ဒေါသမီး၊ ဒီမီးကို တချို့က စိတ်ထဲမှာ ဝှက်ဖဲလိုသိမ်းထားလေ့ရှိပြီး အငုံ့စိတ်ကနေ ဖွဲမီးလို တငွေ့ငွေ့လောင်ကျွမ်းပြီး တစ်ဖက်သားကို မလိုတမာစိတ်နဲ့ ချောက်ချအကောက်ကြံတဲ့ ဖွဲမီးလို ဒေါသကတစ်မျိုး၊ ဒီဣဿာ၊ မစ္ဆရိယကနေစတဲ့ ဖွဲမီးကနေ မီးလောင်လေပင့် မထိန်းသိမ်းနိုင်တော့ဘဲ ပေါက်ကွဲလောင်ကျွမ်း၊ ထိန်းမနိုင်သိမ်းမရတဲ့ ဒေါသမီးကနောက်တစ်မျိုးပေါ့”**

## ဇေယျာသီရိမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ဇေယျာသီရိ ဩဂုတ် ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အနေဖြင့် အောင်ချက်မြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန်၊ မြို့နယ်၏ ပညာရေးအဆင့်အတန်းကို ပိုမိုမြင့်မားရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားရန် ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှငွေးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ကလောမြို့နယ်၌ မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းသရုပ်ပြ

ကလော ဩဂုတ် ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့မဲပေးလေ့လာကြသည်။

ကလောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးရာတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ယနေ့တွင် အောင်ပန်းမြို့နှင့် ၂၅ ရက်တွင် ဟဲဟိုးမြို့တို့တွင် အသိပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## မင်းဘူး(စကု)မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေး

မင်းဘူး ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဦးဆောင်ကျင်းပသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ခြင်ထောင်ကျေးရွာရှိ ပေတောဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ရွေးကောက်ပွဲအပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်စာရင်းများ ထုတ်ပြန်ခြင်းအကြောင်းအရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အရာရှိ ဦးထက်ဝေယံထွန်းက မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြု၍ မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

**စမ်းသပ်မဲပေး**

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## ပုသိမ်မြို့နယ်၌ (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပုသိမ် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲကို ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ပုသိမ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး အမှတ်ပေးဒိုင်ချုပ် ဦးငွေစိုးက အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ပုသိမ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ စာမျက်နှာ ၁၆ မှ

ဒီ Soothing System အားကောင်းစေပြီး ကျန်တဲ့ Threat System , Drive System က ဧရိယာတွေကို အားပျော့ကျုံ့သွားစေပါတယ်။

ပျော်ရွှင်ခြင်း၊ စိတ်ချမ်းသာခြင်းဆိုတဲ့ ခံစားမှုတွေဟာ Serotonin ဟော်မုန်းတွေကြောင့်ပါ။ မုန်းစွဲတွေ၊ ရန်လိုရန်ပြုခြင်းတွေ၊ လူမျိုးတုံးသတ်တယ်ဆိုတာတွေကတော့ Testosterone ဟော်မုန်းတွေနဲ့ဆိုင်ပါတယ်။ ဒါကြောင့် မေတ္တာပွား၊ ကရုဏာပွားတဲ့ အလေ့အကျင့်ကို ဆေးကုထုံးအဖြစ် Compassionate Focused Therapy (CFT) ကုထုံးကို အနောက်တိုင်းဆေးပညာမှာ သုံးနေကြတာပါ။

ဒီတော့ ဣဿာ၊ မစ္ဆရိယ အခြေခံကနေ လောင်ကျွမ်းလာခဲ့တဲ့ ဖွဲမီး၊ ဒေါသမီးတွေဟာ ဒီကနေ့ကမ္ဘာကြီးမှာ ထိန်းမနိုင်၊ သိမ်းမရ ပေါက်ကွဲလောင်ကျွမ်း ကိလေသာမီး ပျံ့နှံ့လာလို့သာ ဒီကနေ့ကမ္ဘာကြီးဟာ ဒုက္ခသည်စခန်းဖြစ်လာခဲ့ရတာပါ။

**စိတ်ခံစားမှုဆိုင်ရာ ဉာဏ်စွမ်းဉာဏ်စရဲ့ ကဏ္ဍငါးခု**

ဒါကြောင့် Emotional Intelligence ဆိုတဲ့ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်စွမ်းဉာဏ်စရဲ့ ကဏ္ဍငါးခုဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် သတိတရားလက်ကိုင်ထားတဲ့အကျင့်၊ စိတ်ခံစားမှုထိန်းချုပ်နိုင်စွမ်း၊ ကိုယ့်ကို နာကျင်အောင်လုပ်တာ မကြိုက်သလို သူများကိုလည်း နာကျင်အောင်မလုပ်တဲ့ ကိုယ်ချင်းစာနာမှု ကရုဏာထားရေး၊ မိမိ စိတ်ချမ်းသာချင်သလို အများသူငါ ကောင်းကျိုးကို တက်တက်ကြွကြွဆောင်ရွက်ပေးလိုစိတ်၊ လူ့ဘောင်အသိုင်းအဝိုင်းကောင်းအောင်ဆောင်ရွက်ပေးလိုတဲ့ စေတနာဒါတွေအားလုံး လူ့ဘောင်မှာမရှိမဖြစ် လေ့ကျင့်ဖို့လိုအပ်ပါတယ်။

ပြည်တွင်းစစ်၊ ကမ္ဘာစစ်တွေဟာ ဒီ EI အချက်ငါးချက်ကို မလေ့ကျင့်ကြလို့ နယ်မြေလု၊ အင်အားပြိုင်၊ မီးဟုန်းဟုန်းတောက်နေကြတာ ဖြစ်ပါတယ်။

ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ် အားပြိုင်တဲ့ခေတ်တုန်းက စာရေးသူငယ်ငယ်ပဲရှိပါသေးတယ်။ အဖေက NEWS WEEK, TIMES မဂ္ဂဇင်းတွေ အမြဲဝယ်ဖတ်လေ့ရှိပြီး ကာတွန်းတစ်ခုကို သဘောကျကာ ပြုံးနေတာတွေ့လို့ မေးကြည့်မိပါတယ်။ ဆိုဗီယက်ခေါင်းဆောင်ဂိုဘာချော့က လပေါ်ကနေ ကမ္ဘာမြေကိုပြန်လာပြီး လက်ခါပြနေတဲ့ ကာတွန်းပုံဆွဲထားတာပါ။ ဆိုရှယ်လစ်ပန်းတိုင်ဆိုတာ လကမ္ဘာထိငါသွားရှာကြည့်ပြီးပြီ။ ဘာမှမရှိပါဘူးဆိုတဲ့ ကာတွန်းပုံလေးပါ။

ဒီကနေ့ခေတ်ကို စာရေးသူကာတွန်းဆွဲကြည့်ချင်မိပါတယ်။ တခြားနိုင်ငံတွေမှာ သုံးပြီးလို့ဟောင်းပြီး ဖွတ်ဖွတ်ကြေနေတဲ့ တစ်ပတ်နွမ်းဘောထုပ်တွေကို ပြည်ပကနေ မြန်မာပြည်ထဲသွင်းလာ၊ လျှော်ဖွပ်၊ မီးပူတိုက်ပြီးတဲ့ တစ်ပတ်ရစ်ဟောင်းတွေကို နိုင်ငံခြားက သွင်းလာတာဆိုပြီး ရောင်းနေတဲ့ ကာတွန်းကို စိတ်ထဲကနေ ဆွဲကြည့်မိပါတယ်။

တခြားနိုင်ငံတွေမှာသုံးပြီး ဟောင်းနွမ်းနေတဲ့ တစ်ပတ်နွမ်း ဘောထုပ်၊ ဒီမိုကရေစီအတုကို အခုမှမြင်ကြားပြီး ခရေဇီဖြစ်နေကြသူတွေကို ရည်ညွှန်းပြီး ဘောထုပ်ဒီမိုကရေစီလို့ ကာတွန်းဆွဲ ကြည့်မိတာပါ။ Dirty Politics ဆိုတဲ့ ညစ်ပတ်တဲ့ နိုင်ငံရေး၊ ညစ်ပတ်တဲ့ နိုင်ငံရေးသမားတွေရဲ့ မတရားကြံစည်မှုကြောင့် ဒီမိုကရေစီအတုဟာလည်းပဲ ရခိုင်လေဘေး၊ ဘောထုပ်တွေ ဈေးပေါပေါရောင်းနေသလိုပဲ တို့နိုင်ငံထဲမှာ အတုမိနေကြပြီလားလို့ စိတ်မသက်မသာ ဖြစ်မိပါရဲ့။

**ပညာတတ်အသိုင်းအဝိုင်း**

သူများနိုင်ငံတွေမှာ ညစ်ပတ်တဲ့နိုင်ငံရေးသမားတွေရောင်းစားတဲ့ ဘောထုပ်ဒီမိုကရေစီကို ဘယ်သူမှ မသုံးကြတော့၊ မယုံကြတော့ပါဘူး။ နိုင်ငံတကာမှာ ဒီမိုကရေစီရရေး ဘယ်သူမှ မကြွေးကြော်ကြတော့ဘဲ ပိုအရေးကြီးတဲ့ **“ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံသားများ သာယာဝပြောရေး”** ကိုသာ အဓိကမဏ္ဍိုင်အဖြစ် အားစိုက်ဆောင်ရွက်နေကြတာပါ။ Dirty Politics ညစ်ပတ်တဲ့နိုင်ငံရေးသမားတွေရဲ့ ဘောထုပ်ဒီမိုကရေစီကို ပညာတတ်အသိုင်းအဝိုင်းက လုံးဝလက်မခံ၊ မယုံကြည်ကြတော့ပါဘူး။

**ဦးသန့် ဘာပြောသွားလဲ မှတ်မိကြမယ်ထင်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ စည်းကမ်းရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေနဲ့ပဲ ထိုက်တန်ပါတယ်တဲ့။ စည်းပျက်ကမ်းပျက်လူတွေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရင် ကစဉ့်ကလျား၊ ပရမ်းပတာပဲ ဖြစ်စေလိမ့်မယ်တဲ့။**

စဉ်းစားကြည့်ပါ။ သူခိုးဓားပြလေးယောက်နဲ့ လူကောင်းတစ်ယောက် အများဆန္ဒနဲ့မဲခွဲရင် သူခိုးကပဲနိုင်မှာပါ။

**“စည်းကမ်း ၊ ကိုယ်ကျင့်သိက္ခာ၊ စာရိတ္တမဏ္ဍိုင်၊ ဝါရိတ္တမဏ္ဍိုင်” လေးခုကို အခြေခံအုတ်မြစ်ခိုင်အောင် စိုက်ပြီးမှသာလျှင် “ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး” ဆိုလိုတာက နိုင်ငံသူ နိုင်ငံသားတွေ သာယာဝပြောရေးကို နိုင်ငံရဲ့ အဓိကပန်းတိုင်၊ အဓိကမဏ္ဍိုင်ထားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။**

တိုင်းပြည်ရှေ့ကို တက်လှမ်းဖို့ လူတိုင်းအားသွန်ခွန်စိုက် အလုပ်လုပ်ရမှာကို ဘာကြောင့်များ အစွန်းထွက်ဘောထုပ်အဟောင်းတွေ ဆုပ်ကိုင်ထားချင်နေကြတာလဲ။ ဒီလူတွေရဲ့ဦးနှောက်မှာ အဆိပ်သင့်ကျူမာတွေ ပိညပ်နေကြတာလား။

ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ အဝတ်ဟောင်းဘောထုပ်တွေကို နိုင်ငံခြားဖြစ်ဆိုပြီး အထင်တကြီး ဆုပ်ကိုင်နေကြတာ လွှတ်ချပစ်ဖို့ အချိန်တန်ပါပြီ။

ဣဿာ၊ မစ္ဆရိယကနေ ပေါက်ဖွားလာတဲ့ ဖွဲမီး၊ ဒေါသမီး၊ မနာလိုစိတ်၊ ကိလေသာမီးတွေ လောင်ကျွမ်းခွင့်မပေးကြဘဲ ကုန်းချော၊ ကုန်းတိုက်၊ ခြေထိုး၊ သူများကိုနင်းချေပြီး မိမိနေရာရဖို့ မလုပ်ကြပါနဲ့တော့။

ယောဆရာတော်ဘုရားမိန့်ကြားတဲ့ ခန္ဓာကိုယ်အတွင်း အဖြူအသင်းနဲ့ အမည်းအသင်း ဘောလုံးပွဲမှာ အဖြူအသင်းချန်ပီယံဗိုလ်စွဲအောင် ကန်နိုင်ကြမလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပေါ့။

**ငါနဲ့မတူ ငါ့ရန်သူလို့ မမြင်ကြဘဲ မတူညီမှုများကြားက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်အောင်နေတတ်ဖို့ “Diversity To Coexist In Harmony” သိပ်လိုအပ်နေပါပြီ။**

ဝါးအစည်းတစ်ချောင်းချင်း ပြေကျလို့၊ နွားကွဲကျားကိုက်ခံရတာ မမေ့သင့်ပါ။ လွတ်လပ်ရေးဆိုတာ ပေါ့ပေါ့လေးမဟုတ်ပါ။ ဆုံးရှုံးဖူးတဲ့အရာဟာ တန်ဖိုးဖြတ်လို့မရပါ။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးမကွဲအောင်၊ သွေးစည်းအောင် အဝတ်ဟောင်းတွေ ပြည်တွင်းသွင်းလာ၊ လျှော်ဖွပ် မီးပူတိုက်ပြီးရောင်းနေတဲ့ ဘောထုပ်ဒီမိုကရေစီနိုင်ငံရေး မဖြစ်ရလေအောင် “ချစ်ခြင်းကို မခွဲပါနဲ့”။

ထပ်ပြောချင်ပါတယ် ။ “ချစ်ခြင်းကို မခွဲပါနဲ့”

# မုံရွာမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

မုံရွာ ဩဂုတ် ၂၄

ပြည်သူများအနေဖြင့် သစ်တောသစ်ပင်များ၏ တန်ဖိုးအား နားလည်မြတ်နိုးသည့် စိတ်ဓာတ် ဖြစ်ပေါ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဂေဟစနစ်ညီညွတ်မျှတစေရေး၊ ရာသီဥတု ကောင်းမွန်ရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒ အကျိုးများရရှိစေရေးအတွက်ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ဌာနဆိုင်ရာများမှဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရေပျိုးပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက မည်စည်ပျိုးပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/



မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ဌာနဆိုင်ရာများမှဝန်ထမ်းများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးပေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်း အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ သစ်မျိုးငါးမျိုး စုစုပေါင်းပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်များနှင့်ချောင်းများအတွင်း ငါးသယံဇာတပေါများစေရေးနှင့် ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်အတွက် ရည်ရွယ်၍ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ချင်းတွင်းမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀ နှင့် ထိုင်းငါးခုံးမကြီး ကောင်ရေ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၆၀၀၀၀ ကို တပျော်တပါး စိုက်ထည့်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၇၅၀၀၀၀ ကို မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးများစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများပေးအပ်

သရက် ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက သရက်ခရိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းစတင်ထူထောင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်ခြင်းသည် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းငယ်များ စတင်ထူထောင်ရာတွင် အဓိကအတားအဆီးဖြစ်သည့် ရင်းနှီးမတည်ငွေ အခက်အခဲကို ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုလိုဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများကို သရက်ခရိုင်အတွင်းရှိ ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဖြစ်၍ လုပ်ငန်းထူထောင်မည့်သူများအနေဖြင့် စံနမူနာဖြစ်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူ ၂၀ ထံသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများပေးအပ်ကြသည်။ သရက်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝင်ငွေတိုး စီမံကိန်းသင်တန်းများဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်းများကိုဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား သင်တန်းသူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပေါင်းတည်မြို့နယ်၌ မြို့ပြသာယာလှပရေး စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်

ပေါင်းတည် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့ပြသာယာလှပရေးအတွက် အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ရွာပြည်သူများပူးပေါင်း၍ အများပြည်သူ နားနေအပန်းဖြေနိုင်ရန် ဆောင်ရွက်ထားရှိသည့် အေးချမ်းသာယာ ကန်တော်ပတ်လည်၌ သစ်ပင်ပန်းပင်များ ပြုပြင်စိုက်ပျိုးခြင်းနှင့် မီးအလင်းတိုင်များ ထပ်မံတပ်ဆင်ခြင်းများကို ဩဂုတ် ၂၃ ရက်က ဆောင်ရွက်ကြသည်။

အလားတူ ပေါင်းတည်မြို့လယ်ရှိ ဘုရားကြီးလမ်းတွင် ဖွင့်လှစ်ထားသော ရွှေတည်ညစျေးတွင်လည်း အလင်းရောင်ကောင်းမွန်စွာရရှိရေးအတွက် အလင်းမီးတိုင်များနှင့် LED မီးများ ထပ်မံတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။




ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် ပြည်သူထည့်ဝင်ငွေကျပ် ၃၆ သိန်းဖြင့် LED မီးတိုင် ၁၈ တိုင် ထပ်မံဖြည့်ဆည်း ပေးခဲ့ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ လူမှုအသင်းအဖွဲ့၊ ပြည်သူများနှင့် ပူးပေါင်း၍ မြို့ပြသန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေသား(IPRD)

## ရေတာရှည်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်

ရေတာရှည် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကုသရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့် ခြင်လောက်လမ်းသေဆေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းကို အမတ်ကြီးခုံ(RHC) အပိုင်ကြို့ပင်ထိုက်ကျေးရွာ မူလွန်ကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာ ကျောင်းများတွင် Fogging (ခြင်ဆေးမှုတ်ပေးခြင်း)များ အပါအဝင် ရပ်ကွက်ကျေးရွာများမှာ ခြင်လောက်လမ်းသေဆေး အဘိတ်ဆေးများကို ပုံမှန်ခတ်ပေးခြင်းနှင့် ပထမအကြိမ်ခတ်ပြီး ခြောက်ပတ်အကြာတွင်လည်း ထပ်မံ၍ခတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အသိပညာပေးဟောပြော

အဆိုပါလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ ပိုးလောက်လမ်း ပေါက်ဖွားနိုင်သည့် နေရာများရှင်းလင်းခြင်း၊ ရေအိုး၊ ရေစည်၊ ရေလှောင်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်

တောင်ငူ သြဂုတ် ၂၄

ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုအားပေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု၌ "အောင်နိုင်တိုး" မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်း ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိသည့် မျိုးကောင်းမျိုးသန့်များကို တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်ခြင်း၊ စိုက်ပျိုးခြင်းနှင့် တောင်သူအချင်းချင်း ဖြန့်ဝေခြင်းများသည် မြို့နယ်အလိုက် အထွက်နှုန်းကောင်းမျိုးများ အလျင်အမြန်ဖူလုံစေမည်ဖြစ်သည့်အတွက် အသိပညာပေးရန် မှာကြားကာ သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒိုက်ဦးမြို့ ဒရယ်မီးရပ်ကွက် သရဖူဆန်စက်၌ ဒိုက်ဦးဒေသထွက် အရှည် ၂၄ ပေ၊ အကျယ် ၁၅ ပေ၊ နှစ်ခန်းတွဲ ဒေသထုတ် စပါးအခြောက်ခံစက် တပ်ဆင်ထားရှိမှုကို ကြည့်ရှုအားပေးပြီး ဒိုက်ဦးဒေသသည် သုံးသီးစိုက် ဧကများပြီး စပါးအများဆုံး စိုက်ပျိုးသည့် ဒေသဖြစ်၍ သုံးသီးစိုက်ပျိုးသည့် ကျေးရွာအုပ်စုအလိုက် ဒေသထုတ် စပါးအခြောက်ခံစက်များ တပ်ဆင်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ဧက၂၀၀ ဆင်းသုခ မျိုးစေ့ထုတ်စိုက်ခင်း၌ စုပေါင်းမြေဩဇာ ကြဲပက်နေမှုနှင့် မျိုးကွဲနုတ်ပယ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး မိုးစပါးနှင့် ဆောင်းသီးနှံ ပဲစိုက်ပျိုးပြီးစီးပါက သီးထပ်စွမ်းအားတိုးတက်စေရေးနှင့် နွေစပါးထပ်မံစိုက်ပျိုးနိုင်ရေး ရေပေးမြောင်းများ တူးဖော်ပေးရန် မှာကြားကာ မျိုးစေ့ထုတ်စိုက်တောင်သူများကို သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာ၌ ဦးခင်မောင်တင့်၏ တန် ၁၀၀ ကျ ဆန်စက်နှင့် စပါးတင်း ၂၀၀၀ ဆံ့ အခြောက်ခံစက် လည်ပတ်နေမှုကိုလည်းကောင်း၊ ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်ညွှန့်၏ ဥစားဘဲကောင်ရေ ၂၀၀၀ ကို စပါးခင်းများအတွင်း မွေးမြူနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး စပါးခင်းအတွင်း ကျရောက်တတ်သည့် ရွှေခရုနှင့် အခြားပိုးမွှားများ အန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အပြင် ဥစားသုံးမှုဖူလုံစေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူရသည့် မွေးမြူရေးလုပ်ငန်းဖြစ်၍ စပါးစိုက်တောင်သူများကိုယ်တိုင် အစုအဖွဲ့စနစ်ဖြင့် ဘဲမွေးမြူရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဦးဝင်းဇော်လတ်၏ ဒေသကျွဲ ကောင်ရေ ၆၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး နို့စားကျွဲ မျိုးကောင်းများဖြင့် မေထုန်မဲ့သားစပ်၍ မျိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နေဗီယာမြက်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေး



ဥတ္တရသီရိ သြဂုတ် ၂၄

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စနစ်တကျအသုံးပြုနိုင်ရေး၊ တောင်သူတိုင်း သဘာဝမြေဩဇာများ ကိုယ်တိုင်ပြုလုပ်အသုံးပြုနိုင်ရေး၊ တောင်သူများ သီးနှံစိုက်ပျိုးမှု အခက်အခဲများကို ဌာနဆိုင်ရာများ၊ ကုန်သည်ပွဲစားများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ လယ်ယာမြေများ တန်ဖိုးထားလုပ်ကိုင်နိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးနိုင်ရေး၊ ပြည်ပစားသုံးဆီများ လျှော့ချသုံးစွဲနိုင်အောင် ဒေသအတွင်း မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မိုးသီးနှံအပြီး ဆောင်းသီးနှံများကိုလည်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ သဘာဝဘေးဒဏ်ကာကွယ်နိုင်အောင် သစ်ပင်၊ သစ်တော ထိန်းသိမ်းစိုက်ပျိုးနိုင်ရေး၊ နေပြည်တော်အတွင်း Green City၊ Clean City၊ Smart City ဖြစ်စေရေး ရပ်ကွက်၊ ကျေးရွာများအလိုက် သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက မြို့နယ် MSME အသင်းမှ တန်ဖိုးသင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



# ညောင်တုန်းမြို့နယ်၌ အခွန်ဆိုင်ရာရှင်းလင်းပွဲကျင်းပ

ညောင်တုန်း သြဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို သြဂုတ် ၂၂ ရက်က အမှတ်(၃)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ၊ ရွှေနှင့် လက်ဝတ်ရတနာများရောင်းချခြင်းလုပ်ငန်းများ၊ လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှုဆောင်ရွက်ခြင်းအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဝင်ငွေခွန်ပေးဆောင်ခြင်း စသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ် နဝရတ်ရောင်းဝယ်ရေး သမဝါယမအသင်း အစည်းအဝေးကျင်းပ

ရွှေပြည်သာ သြဂုတ် ၂၄

ရန်ကုန်တိုင်း ဒေသကြီး ရွှေပြည်သာမြို့နယ် နဝရတ်ရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် နဝရတ်ရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးသိန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ရွှေပြည်သာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က အသင်းမှ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နဝရတ်ရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာ အဖွဲ့ဝင်များက အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူခဲ့သည်။ ဆက်လက်၍ အသင်းသားများအား လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းတနော်မြို့၌ သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး လက်ကမ်းစာစောင်ဖြန့်ဝေ

ပန်းတနော် သြဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် သြဂုတ် ၂၃ ရက် နံနက်ပိုင်းက ပန်းတနော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခဲ့သည်။

အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် ရေဘေး၊ မီးဘေး၊ မိုးခေါင်ရေရှား၊ လေပြင်းတိုက်ခတ်မှု၊ မြေလျှောင်လျှပ်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ဆူနာမီဘေးများကို ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးများပါရှိသည့် လက်ကမ်းစာစောင်များကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇေဇေအောင်နှင့် တာဝန်ရှိသူများက ဖြန့်ဝေခဲ့ကြောင်း သိရသည်။



**ဧရာဦးသာ**

# မိုက်ခရိုကွန်ထရိုလာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှု(၂)

**နီဇော်သစ်**



၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သော နည်းပညာတိုးတက်လာသည်မှာ မိုးရ်သီအိုရီအတိုင်းပင်။ ထရန်စစ္စတာတို့၏ အရွယ်အစားသည် ထိုဆယ်စုနှစ်အတွင်း တစ်မိုက်ခရိုမီတာမှ ၂၅၀ နာနိုမီတာအထိ ကျုံ့သွား၏။ မြင်လွယ်အောင် အရေအတွက်အားဖြင့် ပြောရလျှင် အင်တဲလ် ၈၀၄၈၆ တုန်းက ထရန်စစ္စတာလုံးရေ တစ်သန်းပါဝင်ခဲ့ရာမှ ပင်တီယံသရီးတွင် ၂၄ သန်းအထိ တိုးတက်လာခြင်းဖြစ်သည်။ ထရန်စစ္စတာအရွယ်အစားကျုံ့လာခြင်းကြောင့် ရရှိလာသော အကျိုးသက်ရောက်မှုများမှာ များပြားလှသည်။

ထရန်စစ္စတာ များများပါဝင်လာခြင်းကြောင့် ချစ်ပ်များသည် မာလ်တီမီဒီယာ၊ သရီးဒီဂရပ်ဖစ်၊ ကွန်ရက်ချိတ်ဆက်မှုတို့ကို တာဝန်ယူလာနိုင်ပြီး အိတ်ဆောင်သယ်ယူသွားနိုင်သည့် အီလက်ထရွန်နစ်ပစ္စည်းများထဲတွင် ပရိုဆက်ဆာများ ပါဝင်လာစေသည်။ အမှန်တကယ် သယ်သွားနိုင်သော၊ ပြီးခဲ့သည့် ဆယ်စုနှစ်က စတိဗ်ဝေ့ါဇနစ် ပြောခဲ့သလို မပြီးရွေ့နိုင်ရုံတင်မဟုတ်တော့သော လက်ပ်တော့ပ်ကွန်ပျူတာများ ပေါ်လာစေသည်။ ဂရပ်ဖစ်ချစ်ပ်များ အားကောင်းလာခြင်းကြောင့် ဂိမ်းများ အဆင့်မြင့်လာသည်။ ကွန်ထရိုလာများ ဈေးပေါလာခြင်းကြောင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးထဲတွင် ကွန်ထရိုလာများ ပါဝင်လာပြီး ကွန်ပျူတာအသေးစားလေးများကို နေရာအနှံ့ သုံးရသလိုဖြစ်လာသည်။

ထိုသို့ လူ့အဖွဲ့အစည်းအတွင်း ထိုးဖောက်ဝင်ရောက်မှုအားကောင်းသော နည်းပညာဖြစ်၍ ပါဝါပြန်လည်ဖြန့်ဝေမှုကလည်း ကျယ်ပြန့်သည်။ ကွန်ပျူတာအတွက်အချက် အသုံးချမှုတို့သည် တက္ကသိုလ်ကြီးများ၊ အစိုးရရုံးကြီးများတွင်သာ မဟုတ်တော့ဘဲ အိမ်တိုင်းအိမ်တိုင်းသို့ ရောက်လာသည်။ ပင်တီယံသရီးလောက် အဆင့်ရှိလာချိန်တွင် အိမ်သုံးကွန်ပျူတာများ၏ စွမ်းဆောင်ရည်သည် နာဆာ၏ အပိုလို လကမ္ဘာမစ်ရှင်များတွင် သုံးခဲ့သော ကွန်ပျူတာများထက် များစွာသာလွန်နေပြီဖြစ်သည်။ လူများစုအတွက် နောက်ထပ်အကျိုးပြုသည်မှာ အင်တာနက်ကွန်ရက် နည်းပညာဖြစ်သည်။ ယင်းကိုလည်း ချစ်ပ်များကျုံ့လာခြင်း၏ရလဒ် နည်းပညာတစ်ခုအဖြစ် သတ်မှတ်နိုင်သည်။ အိမ်သုံးကွန်ပျူတာများနှင့် အင်တာနက်တို့ ပေါင်းစပ်လိုက်ချိန်တွင် အသိပညာနှင့် ဆက်သွယ်ရေးသည် ဗဟိုချက်ပျောက်သွားသည်။ အစောပိုင်း အွန်လိုင်းလူ့အဖွဲ့အစည်းတစ်ရပ်ကို ပေါ်ထွက်လာစေသလို အီး-ကောမာ့စ်ဟုခေါ်သည့် အီလက်ထရွန်နစ်ကုန်သွယ်ရေး စတင်ထွန်းကားလာစေသည်။

ထိုအနေအထားတွင် ပါဝါအားသာချက်ရရှိလာသော လုပ်ငန်းကြီးများအဖြစ် စီပီယူအမြင့်စားများ ထုတ်လုပ်လာနိုင်သည့် အင်တဲလ်၊ တစ်ကိုယ်ရည်သုံးဖြစ်လာသည့် ကွန်ပျူတာများအတွက် ဝင်းဒိုးစ်အိုအက်စ်ကို ပံ့ပိုးပေးနိုင်ခဲ့သည့် မိုက်ခရိုဆော့ဖ်တို့ကို အဓိက မြင်တွေ့နိုင်သည်။ စီပီယူများနှင့်အပြိုင် ဂရပ်ဖစ်ချစ်ပ်ထုတ်လုပ်သည့် အင်န်ဗီးဒီးယားနှင့် အေတီအိုင်တို့လို ကုမ္ပဏီများလည်း အောင်မြင်လာသည်။ တစ်ဖက်တွင် အေအာရ်အမ်လို ပါဝါအစားနည်းပြီး ခပ်သေးသေးချစ်ပ်များထုတ်လုပ်သည့် လုပ်ငန်းမှာလည်း နိုကီယာတို့လို မိုဘိုင်းဖုန်းလမ်းဖောက်သူတို့နှင့် တွဲပြီး အောင်မြင်လာသည်။ ပါဝါလက်လွှတ်လိုက်ရသည်မှာ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တစ်ပိုင်းတစ်စကျန်နေဆဲဖြစ်သည့် မီနီကွန်ပျူတာထုတ်လုပ်ရေးလုပ်ငန်းများသည် လုံးဝပျောက်ကွယ်သွားခဲ့သည်။ လက်နှိပ်စက်၊ ဂဏန်းပေါင်းစက်လို ရုံးသုံးပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများသည်လည်း ဈေးကွက်ဝေစုအများအပြားကို ခွဲပေးလိုက်ရသည်။

လုပ်ငန်းလောကအပြင် ဝန်ထမ်းလောကတွင်လည်း အပြောင်းအလဲများစွာဖြစ်လာသည်။ ဆော့ဖ်ဝဲရေးသူများ၊ ဝက်ဘ်ဒီဇိုင်းသမားများ၊ နက်ဝေ့ါခ်ကျွမ်းကျင်သူများလို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအသစ်များ ပေါ်လာသည်။ စာရေးစာချီများတွင်ပင် ကွန်ပျူတာဖြင့် စာရင်းသွင်းနိုင်သူများ နေရာရလာသည်။ ကွန်ပျူတာသုံးတတ်သော၊ အင်တာနက်သုံးတတ်သောဝန်ထမ်းများသည် ကုန်ထုတ်လုပ်မှုအတွက် ကြီးမားသောအကျိုးပြုနိုင်စွမ်းများ ရှိလာကြပြီး လုပ်ငန်းလောကတွင် အားသာချက်များစွာရလာသည်။ တစ်နည်းပြောရလျှင် စီမံလုပ်ငန်းခွင်၌ ထုံးတမ်းစဉ်လာ စီမံရေးကျွမ်းကျင်သူများနေရာ၌ နည်းပညာနှင့်အသားကျသော ဒစ်ဂျစ်တယ်အရည်အသွေးရှိသော ကျွမ်းကျင်သူများဖြင့် အစားထိုးခဲ့သည်။

တိုင်းပြည်နိုင်ငံများဘက်ကို ကြည့်လျှင် အမေရိကန်ပြည်ထောင်စုသည် ချစ်ပ်ဒီဇိုင်းပိုင်း၌ ဆက်လက်ဦးဆောင်နေဆဲ။ အင်တဲလ်၊ အေအမ်ဒီ၊ အင်န်ဗီးဒီးယား၊ မိုက်ခရိုဆော့ဖ်တို့လို လုပ်ငန်းကြီးများက ဦးဆောင်နေခြင်းဖြစ်သည်။ မင်မိုရီထုတ်လုပ်ရေးတွင် ဂျပန်က ခိုင်မာအားကောင်းနေဆဲ။ သို့သော် အပြိုင်အားဖြင့် တောင်ကိုရီးယားမှ ဆမ်ဆောင်းနှင့် ထိုင်ဝမ်မှ တီအက်စ်အမ်စီတို့ တိုးတက်လာနေပြီဖြစ်သည်။ ပါဝါပြန်လည်ဖြန့်ဝေမှုတွင် အမေရိကန်-ဂျပန် အားပြိုင်မှုမဟုတ်တော့ဘဲ အမေရိကန်-အရှေ့အာရှ အားပြိုင်မှုဖြစ်လာသည်။

လူ့အဖွဲ့အစည်းအတွင်း သက်ရောက်မှုမှာလည်း ကြီးမားသည်။ စားပွဲတင် ပီစီကွန်ပျူတာများနေရာတွင် လက်ပ်တော့ပ်ကွန်ပျူတာများ အစားထိုးဝင်ရောက်လာသည်။ စမတ်ဖုန်းများက အိတ်ဆောင်ကွန်ပျူတာများအဖြစ် အသုံးဝင်သောကြောင့် အချို့သောအလုပ်များကို သွားရင်းလာရင်း လုပ်နိုင်လာသည်။ တစ်ချိန်က စားပွဲပေါ်တွင်သာရခဲ့သော ကွန်ပျူတာအတွက်အချက်နှင့် အင်တာနက်ချိတ်ဆက်မှုကို နေရာတိုင်းတွင် ရလာသည်။ ထို့ကြောင့် လက်ပ်တော့ပ်နှင့် စမတ်ဖုန်းတို့ကို ကောင်းစွာသုံးတတ်သူတို့သည် လုပ်ငန်းနယ်ပယ်များတွင် ဦးဆောင်လာသည်။ ထိုဖြစ်စဉ်များသည် ၂၀၀၇ ခုနှစ် ပထမဆုံးအိုင်ဖုန်း ထုတ်လုပ်ရောင်းချချိန်၌ စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ စတိဗ်ဂျော့က "ကျွန်တော်တို့ဖုန်းကို ပြန်လည်တီထွင်ပါတော့မယ်"ဟု ပြောပြီးနောက် ဖုန်းသည် ကွန်ပျူတာတစ်လုံးနီးပါးဖြစ်လာခဲ့သည်။ ဖေ့စ်ဘွတ်ခ်၊ ယူကျူး၊ တွစ်တာတို့၏ အစပိုင်းကို ရောက်လာသည်။

ကော်ပိုရေးရှင်းကြီးများဘက်ကို ကြည့်လျှင် အင်တဲလ်နှင့်အေအမ်ဒီတို့သည် ပီစီများ၊ လက်ပ်တော့ပ်များ၊ ဆာဗာများအတွက် စီပီယူများထုတ်ပြီး ဦးဆောင်သည်။ မိုဘိုင်းဘက်တွင် အေအာရ်အမ်ကပဲ ဆက်လက်ဦးဆောင်သည်။ အေအာရ်အမ်ချစ်ပ်များကို တည်ပြီး အက်ပဲလ်နှင့် ဂူးဂဲလ်တို့သည် အိုင်အိုအက်စ်နှင့် အန်းဒရိုက်ဆိုသည့် ဂေဟစနစ်ကြီးနှစ်ခုကို တည်ထောင်ပြီး ဦးဆောင်သည်။ နိုင်ငံအသီးသီးမှ ချမ်းသာသောပြည်သူများသည် အိုင်အိုအက်စ်ဂေဟနိုင်ငံသားများဖြစ်လာပြီး ဆင်းရဲသောပြည်သူများသည် အန်းဒရိုက်ဂေဟနိုင်ငံသားများ ဖြစ်လာသည်အထိ ဩဇာလွှမ်းမိုးမှုကြီးမားနေပြီဖြစ်သည်ကို ယနေ့ခေတ်တွင် မြင်နေရသည်။

ဒဲလ်တို့၊ ဂိတ်ဝေးတို့လို စားပွဲတင်ပီစီများကိုသာ ထုတ်လုပ်သည့်လုပ်ငန်းကြီးများ အခြေပျက်သွားပြီး လက်ပ်တော့ပ်ဘက်သို့ မဖြစ်မနေ ဦးလှည့်လာကြရသည်။ တစ်ချိန်က မိုဘိုင်းဖုန်းလောကကို ဦးဆောင်ခဲ့သည့် နိုကီယာနှင့် ဘလက်ဘယ်ရီတို့ စမတ်ဖုန်းခေတ်တွင် အမီမလိုက်နိုင်ကြတော့ဘဲ ပြုတ်ကျန်ခဲ့ကြသည်။

တိုင်းပြည်နိုင်ငံများဘက်ကို ကြည့်လျှင် အမေရိကန်ပြည်ထောင်စုသည် စီပီယူဒီဇိုင်း (အင်တဲလ်၊ အေအမ်ဒီ)၊ အိုအက်စ်(မိုက်ခရိုဆော့ဖ်၊ အက်ပဲလ်)၊ ကလောက်ဒေတာစင်တာများ (အမေဇုန်၊ ဂူးဂဲလ်) ဘက်တွင် ဆက်လက်ဦးဆောင်လာသည်။ ဂျပန်မှာမူ ရှေ့ပိုင်းဦးဆောင်မှုများကို ၂၁ ရာစုအစတွင် လက်လွှတ်ဆုံးရှုံးသွားသည်။ ဂျပန်၏လုပ်ငန်းများကို အကြမ်းအားဖြင့် မင်မိုရီချစ်ပ်များနှင့် မင်မိုရီမဟုတ်သောချစ်ပ်များဟု နှစ်ပိုင်းခွဲကာ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့က ယူသွားသည်။ မင်မိုရီမဟုတ်သော အကောင်းဆုံး ချစ်ပ်မျိုးစုံထုတ်လုပ်နိုင်သည့် ထိုင်ဝမ်၏ တီအက်စ်အမ်စီသည် ကမ္ဘာ့ချစ်ပ်လုပ်ငန်းကြီးများ၏ အရေးကြီးဆုံးစီးပွားဖက်ဖြစ်လာသည်။ တောင်ကိုရီးယားတွင် ဆမ်ဆောင်းသည် မင်မိုရီထုတ်လုပ်မှုအပိုင်း၌ ကမ္ဘာ့ဈေးကွက်ကို ဦးဆောင်လာသည်။ အမေရိကန်-အရှေ့အာရှအားပြိုင်မှုတွင် ဂျပန်ပြုတ်သွားခဲ့သည်။

၂၁ ရာစု၏ ဒုတိယဆယ်စုနှစ် အားပြိုင်မှုများကို ဆက်လက်ဆွေးနွေးသွားပါမည်။

## အန္တာတိကရေခဲလွှာကြီး ပြိုကျပြီး ပင်လယ်ရေမျက်နှာပြင် ၁၀ ပေနီးပါး မြင့်လာနိုင်

အနောက် အန္တာတိက ရေခဲလွှာချပ်ကြီးသည် ကမ္ဘာ့အကြီးဆုံး ရေခဲလွှာကြီးများထဲမှတစ်ခုဖြစ်ပြီး ဧရိယာ စတုရန်းမိုင် ၇၆၀၀၀၀ မျှ ကျယ်ပြန့်သည်။ ယခုအချိန်တွင် ထိုရေခဲလွှာချပ်ကြီးမှာ ဆိုးဆိုးရွားရွား ပြိုကျမည့် ဖြစ်နိုင်ခြေများရှိနေပြီး ဖြစ်လာခဲ့ပါက ပင်လယ်ရေမျက်နှာပြင်သည် ၉ ဒသမ ၈ ပေအထိ မြင့်တက်လာကာ နောက်ကြောင်းမပြန်နိုင်တော့သည့် အနေအထားသို့ ရောက်ရှိသွားမည်ဟု ပညာရှင်များက သတိပေးထားသည်။

ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့သည် အန္တာတိက ရေခဲပြင်ကိုလေ့လာရင်း ရေခဲချပ်များ အားနည်းလာသည်ကို တွေ့ခဲ့ရခြင်းဖြစ်သည်။ ထိုသို့ အားနည်းလာခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများနှင့် တိုက်ရိုက်ပတ်သက်နေပြီး ပိုဆိုးလာပါက ပြိုကျသွားသည်အထိ ဖြစ်နိုင်သည်ဟု သတိပေးခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းကို စာတမ်းရေးသားတင်ပြခဲ့သည့် သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာနရီလီအေဘရမ်က "အန္တာတိက ရေခဲလွှာ



တွေ၊ ပတ်ဝန်းကျင် သမုဒ္ဒရာနဲ့ ဂေဟစနစ်တွေထဲမှာ ရုတ်ချည်းပြောင်းလဲမှုတွေကို တွေ့နေရပါတယ်။ ကမ္ဘာကြီးပူနွေးမှု ဒီဂရီနည်းနည်းတက်လာတိုင်း အဲဒါတွေက ပိုဆိုးသွားမှာပါ"ဟု ရှင်းပြသည်။

အမှန်တကယ် ထိုပမာဏအတိုင်းပြိုကျပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခဲ့လျှင် ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းများတစ်လျှောက်မှ မြို့များသည် ရေအောက်ရောက်သွားမည်ဖြစ်သည်။ အင်္ဂလန်တွင် ဟားလ်၊ စကက်နက်စ်၊ မစ်ဒယ်ဘရိုနှင့် နယူးပို့တ်မြို့များ နစ်မြုပ်သွားမည်ဟုဆိုသည်။ ဥရောပတွင် နယ်သာလန်နိုင်ငံ နေရာအနှံ့အပြားနှင့် ဗင်းနစ်၊ မွန့်ပီလီယေး၊ ဒန့်ဇ် အစရှိသော မြို့များ နစ်မြုပ်သွားမည်ဖြစ်သည်။

"သမုဒ္ဒရာမျက်နှာပြင်တွေမှာ ရေခဲလွှာချပ်ကြီးတွေ မရှိတော့ဘူးဆိုရင် နေကလာတဲ့အပူကို ဂေဟစနစ်က ပိုပြီးတော့ စုပ်ယူထားလိမ့်မယ်။ အန္တာတိကဒေသမှာ ပိုပြီး ပူလာမယ်လို့ မျှော်လင့်ထားပါတယ်" ဟုလည်း ဒေါက်တာအေဘရမ်က ဆက်ရှင်းပြသည်။ ထိုဖြစ်စဉ်ကြောင့် ပင်ဂွင်းများ မျိုးတုံးသွားနိုင်ဖွယ်ရှိသည်ဟုလည်း သတိပေးထားသည်။

အန္တာတိက ရေခဲလွှာချပ်ကြီးများသည် ကမ္ဘာ့ရေချို ၇၀ ရာခိုင်နှုန်းကို ထိန်းသိမ်းထားသည့် နေရာကြီးဖြစ်သည်။ ထိုရေခဲလွှာကြီးများ အားလုံး အရည်ပျော်သွားလျှင် ပင်လယ်ရေမျက်နှာပြင်သည် ပေ ၁၈၀ အထိ မြင့်တက်သွားနိုင်သည်။

Ref: Daily Mail

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဘဒ္ဒန္တ စန္ဒသီရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား စစ်ရေးချုပ်က ဦးဆောင်၍ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို တပ်မတော် အရာရှိကြီးတစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဘဒ္ဒန္တ စန္ဒသီရိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

**လှူဒါန်း**

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာတို့အတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေ ၃၂၅ သိန်း ၈ သောင်း ၈ ထောင်ကျပ်၊ ဆန် ၅၇၂ အိတ်၊ ဆီ ၂၆၅ ပိဿာ ၆၀ ကျပ်သား၊ ဆား ၁၆၅၆ ပိဿာ၊ ပဲ ၁၆၅၆ ပိဿာ၊ ဆေးမျိုးစုံ ၉၃၆ ဘူးနှင့် နိုင်ငံခြားဆေးမျိုးစုံ တစ်ခြင်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မုဒုံမြို့၌ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကျင်းပ

မုဒုံ ဩဂုတ် ၂၄

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပညာရေးမိသားစု၏ ဒသမအကြိမ်မြောက် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် မြို့မ (၂) ရပ်ကွက်ရှိ လေးထပ်သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဂျုံးဂျုံးကျတောရကျောင်း ဆရာတော် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တကိတ္တိဝဏ္ဏထံမှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးဆန်းဦး၊ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းငွေနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်သည်။ ထို့နောက် ဆရာတော်ကြီးက ဩဝါဒကထာ ချီးမြှင့်ကာ ပြိုင်ပွဲဝင် ဝတ်ရွတ်အသင်းကျောင်းများမှ အလှည့်ကျ စတင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို ကျောင်းသားကျောင်းသူလူငယ်များက ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်မှု မှန်ကန်ရန်နှင့် ဗုဒ္ဓဒေသနာတော်များကို ဋ္ဌာန်ကရိုဏ်းကျကျ အသံအနေအထား မှန်ကန်စွာဖြင့် ရွတ်ဖတ်တတ်စေရန်အတွက် ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း ဝတ်ရွတ်အသင်း ၃၂ သင်းမှ လေးရက်ကြာ ရွတ်ဆိုပူဇော် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

---



# (၃၈)ဖြာမင်္ဂလာနှင့် အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ၏ဦးဆောင်မှုဖြင့် မရမ်းကုန်းခရိုင်နှင့် မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) တို့ပူးပေါင်း၍ (၃၈) ဖြာမင်္ဂလာနှင့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးထင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးဟန်ဝင်းလှိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဩဝါဒါစရိယ၊ ဘဒ္ဒန္တဉာဏိန္ဒ(ဇလွန်ပရိယတ္တိစာသင်တိုက်ဆရာတော်)က ဩဝါဒစကား မြွက်ကြားပြီး မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အလုပ်အမှုဆောင် ဦးစန်းဦးနှင့်ဇနီးတို့က လှူဒါန်းပေးအပ်သော ကျပ်သိန်း ၆၀ တန်ဖိုးရှိ (၃၈) ဖြာ မင်္ဂလာသင်ကြားရေး အထောက်အကူပြု ပုံနှိပ်စာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ (၃၈) ဖြာမင်္ဂလာနှင့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းနည်းပြ ဆရာကြီးများ၊ သင်တန်းတွင် ဆုရရှိသူများအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ခြင်းနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ တာဝန်ရှိသူများက ပေးအပ်သည်။

အဆိုပါသင်တန်းကာလကို ဩဂုတ် ၉ ရက်နေ့မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့**

---

# ဘီးလင်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ဘီးလင်း ဩဂုတ် ၂၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းက အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက အသက် ၅ နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်းနှင့် အာဟာရများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# ကျေးလက်နေပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဖြုတ်ခွဲကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများအား ဖြုတ်ခွဲကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ကွင်းဆင်းဆေးကုရေးအဖွဲ့က ကျေးလက်နေပြည်သူ ၂၂၅ ဦးအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊



လေငန်းရောဂါ၊ ထုံနာကျင်နာရောဂါများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာနှင့် ကျန်းမာစေကြောင်း နည်းလမ်းကောင်းများခေါင်းစဉ်ဖြင့် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

# ဂျိုကာရက်စ် နှစ်ဂိုးသွင်းယူပြီး ဂိုးပြတ်နိုင်ပွဲနဲ့အတူ အာဆင်နယ်အသင်း နိုင်ပွဲဆက်

ပရီမီယာလိဂ်ပွဲစဉ်(၂)ရဲ့ ဩဂုတ် ၂၃ ရက်ညပိုင်း နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ လိဒ်စ်ယူနိုက်တက်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက လိဒ်စ်ယူနိုက်တက်အသင်းကို ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့ပါတယ်။



အာဆင်နယ်အသင်းနဲ့ လိဒ်စ်ယူနိုက်တက်အသင်းတို့ ပွဲစဉ်မှာ အာဆင်နယ်အသင်းက လိဒ်စ်ယူနိုက်တက်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ၃၄ မိနစ်နဲ့ ၅၆ မိနစ်မှာ တင်ဘာက နှစ်ဂိုး၊ ၄၅ မိနစ်မှာ ဆာကာက တစ်ဂိုး၊ ၄၈ မိနစ်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီတို့မှာ ဂျိုကာရက်စ်က နှစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂျိုကာရက်စ်ဟာ ယခုအပြောင်းအရွှေ့ကာလအတွင်းမှာ အာဆင်နယ်အသင်းက ခေါ်ယူခဲ့တဲ့ တတိယမြောက် ကစားသမားဖြစ်ပြီး ပြောင်းရွှေ့ကြေး ပေါင် ၆၄ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက လိဒ်စ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ အသက် ၁၅ နှစ်အရွယ် မက်ဒေါင်းမန်ဟာ အာဆင်နယ်အသင်းနဲ့အတူ ပထမဆုံးပွဲဦးထွက်ပွဲစဉ်ဖြစ်ပြီး လက်ရှိအချိန်မှာ အာဆင်နယ်အသင်းက တိုက်စစ်မှူး အက်ဇီကိုလည်း ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ နဲ့ ခေါ်ယူထားပြီးဖြစ်ကြောင်းလည်း အတိအလင်း ကြေညာခဲ့ပါတယ်။

အာဆင်နယ်အသင်းဟာ လိဒ်စ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ်(၂)အပြီးမှာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့မှုနဲ့အတူ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့ပေမယ့် လိဒ်စ်ယူနိုက်တက်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ အာဆင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် အဝေးကွင်း ၁၂ ပွဲမှာ ၁၀ ပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။

အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ စပါးအသင်းက မန်ချက်စတာစီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘုန်းမောက်အသင်းက ဝုဗ်ဗာဟန်တမ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဘန်လေအသင်းက ဆန်းဒါးလန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရန့်ဖို့ဒ်အသင်းက အက်စ်တွန်ဗီလာအသင်းကို တစ်ဂိုး-ဂိုးမရှိစသည့်ဖြင့် အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အမ်တွန်မီနေးနဲ့ ဒီဘာရိုင်းတို့ရဲ့ သွင်းဂိုးတွေနဲ့ ရာသီအစ အဖွင့်လှခဲ့တဲ့ လက်ရှိချန်ပီယံ နာပိုလီ




အီတလီစီးရီးအေ ပွဲစဉ်(၁)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ လက်ရှိချန်ပီယံ နာပိုလီအသင်းနဲ့ ဆာဆူအိုလိုအသင်းတို့ ဩဂုတ် ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ နာပိုလီအသင်းက အမ်တွန်မီနေးနဲ့ ဒီဘာရိုင်းတို့ရဲ့ သွင်းဂိုးတွေနဲ့ ဆာဆူအိုလိုအသင်းကို အနိုင်ရပြီ ရာသီအစ အဖွင့်လှခဲ့ပြီ ဖြစ်ပါတယ်။

**နှစ်ဂိုးပြတ်အနိုင်ရရှိ**

ဆာဆူအိုလိုအသင်းနဲ့ နာပိုလီအသင်းတို့ပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ နာပိုလီအသင်းက ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ အမ်တွန်မီနေးနဲ့ ဒုတိယပိုင်း ပွဲကစားချိန် ၅၇ မိနစ်မှာ ဒီဘာရိုင်းတို့ရဲ့ သွင်းဂိုးတွေနဲ့ ဆာဆူအိုလိုအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ကီဗင်ဒီဘာရိုင်းက အခုပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဟာ နာပိုလီအသင်းနဲ့အတူ ပွဲဦးထွက်ဂိုး စတင်သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ် ကွင်းလယ်ကစားသမား ဒီဘာရိုင်းဟာ မန်စီးတီးအသင်းမှာ ကစားသမားဘဝ ၁၀ နှစ်ကြာ ဖြတ်သန်းခဲ့ပြီးနောက် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက နာပိုလီအသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့လာခဲ့သူ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နာပိုလီအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့တဲ့ အသက် ၂၈ နှစ်အရွယ်ရှိ စကော့တလန်ကွင်းလယ်ကစားသမား အမ်တွန်မီနေးကတော့ ၂၀၂၄ ခုနှစ်အတွင်းက မန်ယူအသင်းကနေ နာပိုလီအသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီးနောက် အီတလီစီးရီးအေ ပွဲစဉ်(၃၄)ပွဲ မှာ သွင်းဂိုး ၁၂ ဂိုး သွင်းယူပေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက နာပိုလီအသင်းနဲ့အတူ အီတလီစီးရီးအေ ချန်ပီယံဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အမ်တွန်မီနေးဟာ နာပိုလီအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်(၃၇)ပွဲမှာ သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာကြောင့် ၂၀၂၅ ခုနှစ် ဘလွန်ဒီအောဆုအတွက်လည်း အမည်စာရင်း တင်သွင်းခံခဲ့ရတာ ဖြစ်ပါတယ်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ




မော်လိုက် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်း ဒေသကြီး မော်လိုက်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေထွန်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်ဥမ္မာတုပ်က အောင်ချက်ရာခိုင်နှုန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြို့နယ်အတွင်း အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ငွေသားဆု၊ ဒိုင်းဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ကြသည်။

မော်လိုက်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနနှစ်ခုဖြစ်သည့် အထက(မော်လိုက်)နှင့် အထက (ကင်းတပ်)တို့တွင် ကျင်းပခဲ့ရာ ဖြေဆိုသူ စုစုပေါင်း ၁၅၁ ဦး ဖြေဆိုခဲ့ရာ စုစုပေါင်း ၄၈ ဦးအောင်မြင်ခဲ့ပြီး အောင်ချက် ရာခိုင်နှုန်းမှာ ၃၁ ဒသမ ၇၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုထက်(ပြန်/ဆက်)

# မုတ်သုံလေ အားကောင်းလာနိုင်ခြင်းနှင့် လေဖိအားနည်းရပ်ဝန်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပတ္တမြား(၁)လမ်း၊ အမှတ်(၈၀၃)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မူရင်းခြမ်းမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနတွင် ဦးအောင်သိန်း(CF-088231)မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သီသီလှိုင်ဦး [၁၃/တကန (နိုင်) ၁၅၀၄၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးဦး [၉/မခန (နိုင်) ၀၅၁၈၄၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲစုထွေး ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၂၁၇၃)**
**အမှတ် – (၃၄/၄၉)၊ အခန်း(၁၄)(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၁၀၂၀၄၁၅၊ ၀၉–၆၇၂၄၄၄၆၅၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရတနာသုခ(၁)လမ်း၊ အမှတ်(၁၃၀)၊ မြေတိုင်း(၄၆)၊ ဦးသင်းမြိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ ခြေရင်းခြမ်း၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်အစိတ်အပိုင်းနှင့်နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ တရားဝင်ခွဲစိတ်ရသေးခြင်းမရှိသည့် မြေကွက်အစိတ်အပိုင်းနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းဌေး[၁၂/ဒဂန(နိုင်) ၀၀၅၉၀၁]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူမင်းက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၅၁)**
**ရုံးခန်း–အမှတ်(ဆ/၁၀/၉၇)၊ နှယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၄၂၁၁၀၂၅၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ ပေါ်ဦး(၄)လမ်း၊ မြေကွက်အမှတ်(၆၄၁/က)၊ ဦးခင်ဇော်ဦး နှစ်(၆၀)ဂရန် အမည်ပေါက် ပေ(၂၃x၆၀)ပေ၊ ဧရိယာ(၀.၀၃၂)ဧကမှ နေအိမ်နှင့်မြေကွက်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းမှလက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ မိမိ၏အမည်ပေါက်မှန်ကန်ကြောင်း အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဦးခင်ဇော်ဦး[၁၂/ရကန(နိုင်)၀၅၃၂၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်စိုး [၁၂/ရကန(နိုင်)၀၀၃၂၄၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားလမ်းသွယ်၊ အမှတ်–၅၄(ဒီ–၂) ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆–D၊ မြေကွက်အမှတ်–၇၈ စီ/၁–ခ၊ ဧရိယာ(၀. ၁၄၂)ဧကအကျယ်ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်အဆောက်အဦးနှင့်တကွ ယင်းအိမ်မြေသို့ ဝင်/ထွက်ရန် ခွဲစိတ်ထားသည့် မြေကွက်အမှတ်–၇၈ စီ/၁–ဃ၊ ဧရိယာ(၀.၀၃၀)ဧကအကျယ်ရှိ လမ်းမြေဧရိယာ–အသုံးပြုခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူများ ဖြစ်ကြသည့် ဒေါ်ဝင်းမာသန်း[၁၂/ဒဂန(နိုင်)၀၁၅၈၆၆]နှင့် ဒေါ်လင်းမာသန်း[၁၂/ဒဂန(နိုင်)၀၁၅၈၈၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး**
**(တရားလွှတ်တော်ရှေ့နေ) စဉ် – ၆၇၀၂**
**အမှတ်–၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း–၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၅–ရပ်ကွက်၊ (၂၈)လမ်း(အထက်)၊ အမှတ်(၁၈၇)ဟုခေါ်တွင်သော (၄)ခန်းတွဲ (၃)ထပ်တိုက်အနက် (မြေညီထပ်)၊ (တိုက်ကိုမျက်နှာမူလျှင်–ညာဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂½x၅၀)ပေရှိ တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ကျင်စိုး [၁၂/ ပဘတ (နိုင်)၀၁၈၈၁၁]မှ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၅၄၃၀၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်–၁၈၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊**
**ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၀၆၄၉၅၉၊ ၀၉–၄၂၀၀၂၂၇၃၃**

❂ **မိုးရာသီမှ**

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အောင်မင်္ဂလာအဝေးပြေးရှိ ယာဉ်လိုင်းပေါင်း ၁၂၀ မှ ယာဉ်အစီးရေ ၄၉၀ ဖြင့် လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ဒဂုံ–ဧရာအဝေးပြေးယာဉ်လိုင်းမှ ယာဉ်လိုင်းပေါင်း ၇၆ လိုင်းမှ ယာဉ်အစီးရေ ၂၁၀ ဖြင့် လည်းကောင်း ခရီးသွားပြည်သူတို့ကို နေ့စဉ် ဝန်ဆောင်မှုပေးလျက်ရှိရာ နွေရာသီ၊ ဆောင်းရာသီနှင့် ပွဲတော်အချိန်အခါတို့တွင် ယခုထက် ခရီးသွားလာမှုများ၍ ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲပေးရလေ့ရှိကြောင်း သိရသည်။

“မိုးရာသီမှာ အများပြည်သူခရီးသွားလာမှုအဆင်ပြေအောင် အောင်မင်္ဂလာအဝေးပြေးက ယာဉ်လိုင်းတွေက နေ့စဉ် ဝန်ဆောင်မှုပေးနေပါတယ်။ ယာဉ်လိုင်းတွေ လမ်းကြောင်းမှန်မှန်ပြေးဆွဲဖို့၊ ပါဆယ်ပစ္စည်းတွေနဲ့ လူမဲ့တန်ဆာတွေ လာရောက်အပ်နှံတဲ့အခါ ဖွင့်ဖောက်စစ်ဆေးဖို့၊ ယာဉ်တွေလိုင်စင်မှန်ကန်စွာရှိပြီး သက်တမ်းပြည့်ရေးကိုလည်း ကြပ်မတ်ဆောင်ရွက်ပါတယ်။ ခရီးသွားဝန်ဆောင်မှုကောင်းမွန်ဖို့ ယာဉ်လိုင်းတွေကို အသိပေးထားပြီး ယာဉ်လက်မှတ်တွေကို ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချပေးဖို့ အသိပေးထားပါတယ်။ အောင်မင်္ဂလာကားဝင်းကနေ နေ့စဉ် ခရီးသွား ၇၀၀၀ ကျော်နဲ့ ဒဂုံ–ဧရာအဝေးပြေးက ခရီးသွား ၂၀၀၀ ကျော်ကို ဝန်ဆောင်မှုပေးနေပါတယ်”ဟု အောင်မင်္ဂလာ အဝေးပြေးကားဝင်း ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီရုံးမှ ကော်မတီဝင် ဦးဘမြင့်က ပြောသည်။

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးမှ ခရီးလမ်းကြောင်းပွင့်သည့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်မှ မြို့များသို့ နေ့စဉ် ဝန်ဆောင်မှုပေးလျက်ရှိပြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ဒဂုံ–ဧရာအဝေးပြေးဝင်းမှ ဧရာဝတီတိုင်းဒေသကြီးရှိမြို့များသို့ နေ့စဉ် ခရီးသွားဝန်ဆောင်မှုပေးလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ရောက်ရှိလာသော ခရီးသွားများအနေဖြင့် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များသို့ တစ်ဆင့်သွားရောက်နိုင်ရန် အောင်မင်္ဂလာ အဝေးပြေးမှတစ်ဆင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

အောင်မင်္ဂလာအဝေးပြေးဝင်းရှိ YRTC မှ ယာဉ်လိုင်းများ စည်းကမ်းတကျ ပြေးဆွဲနိုင်ရန်၊ သတ်မှတ်ထားသော ခရီးစဉ်လမ်းကြောင်းအတိုင်း ပြေးဆွဲရန်၊ အများပြည်သူ ခရီးသွားလာမှု အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်၊ သုညမိုင်နှင့်အောင်မင်္ဂလာ အဝေးပြေးကားဝင်းကြား၌ လူနှင့်ပစ္စည်း အတင်အချမပြုလုပ်ရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း – ဥဿ**
**ဓာတ်ပုံ – ကိုလွင်**

■ **MNL မှ**

ဒဂုံစတား ယူနိုက်တက် အသင်း ရလဒ်ကောင်းနေပြီး နှစ်ပွဲဆက် အနိုင်ရလဒ်နှင့် အတူထိပ်ဆုံးတွင်ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ တန်းတက် ရာမညယူနိုက်တက် အသင်းမှာမူ နှစ်ပွဲဆက်တိုက် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

ဒဂုံစတား ယူနိုက်တက် အသင်းသည်မောင်မောင်ဝင်း၊ ဇော်ရဲထွန်း၊ ရန်ကျော်ထွေး၊ ညီညီတို့ဖြင့် လူစုံခဲ့သလို ရာမည ယူနိုက်တက်အသင်းကလည်း နိုင်ငံခြားသား ကစားသမားသုံးဦး အပါအဝင် အမာခံ ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ဒဂုံစတား ယူနိုက်တက် အသင်းသည် ၃၇ မိနစ်မှ အဖွင့်ဂိုးရသော်လည်း ဂိုးပြတ်သွင်းယူနိုင်ခဲ့ပြီး ၃၇ မိနစ်တွင် ရန်ကျော်ထွေး၊ ၄၁၊ ၄၉ မိနစ်တွင် ဈာနေရသူ၊ ၇၇၊ ၈၃ မိနစ်တွင် ထက်ဖြိုးဝေတို့က ဂိုးများသွင်းယူသည်။ ရာမည ယူနိုက်တက် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၈ မိနစ်တွင် ဝေယံထက်က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့် ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ဟံသာဝတီအသင်းသည် နိုင်ပွဲဆက်မည့် အခွင့်အရေး လက်လွှတ်ခဲ့ရသော်လည်း သစ္စာအားမာန် အသင်းမှာမူ ပထမဆုံးရမှတ် ရယူနိုင်ခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ် (၂) နောက်ဆုံးနေ့ကို ဩဂုတ် ၂၆ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Dagon Port အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MNL**



## ကျုံပျော်မြို့နယ်၌ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ကျုံပျော် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၏ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ကျင်းပသည်။ ဦးစွာ ကျုံပျော်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် အခြေခံပညာအဆင့် အဆိုရှင်ချြူးချြူးလေးက ရိုးရာအမွေထိန်းသိမ်းစို့လေသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခြေခံပညာအဆင့်ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲ၊ တစ်ဦးချင်း အကပြိုင်ပွဲနှင့် ကဗျာလွတ်ပြိုင်ပွဲများ ပြုလုပ်ရာ မြို့နယ်အတွင်းရှိ အသက်(၁၀–၁၅)နှင့် (၁၅–၂၀) ကျောင်းသား ကျောင်းသူများက ဘာသာရပ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲကို ကျင်းပရာ ကျုံပျော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

## ကန့်ကွက်ကြောင်းကြော်ငြာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်မော်မော်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြော်ငြာအပ်ပါသည်–

ကျွန်မ ဒေါ်မော်မော်ခိုင် မှတ်ပုံတင်အမှတ် [၁၄/ပတန(နိုင်)၁၄၃၉၄၂]သည် အဖ ဦးကျော်ခင်၊ အမိ ဒေါ်သန်းစိန်တို့မှ မွေးဖွားသော ညီအစ်ကိုမောင်နှမ မွေးချင်း (၅)ဦးအနက်မှ ဒုတိယသမီးဖြစ်ပါသည်။ ဖခင်ဦးကျော်ခင်နှင့် မိခင် ဒေါ်သန်းစိန်၊ အစ်ကိုဖြစ်သူ ဦးခင်မောင်ဇော်ကွယ်လွန် ဆုံးပါးသွားပြီးနောက် ကျန်ရစ်ခဲ့သော ညီမလေးဦးအမွေဆိုင်ပစ္စည်းဖြစ်သည့် အမှတ်(၁၉၁/ခ)၊ စစ်တွေလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ပေ(၂၀)x(၆၀)ပေမြေကွက်ပေါ်ရှိ သွပ်မိုးပျဉ်ထောင်အိမ်တစ်လုံး၊ မိခင်ဒေါ်သန်းစိန် အမည်ပေါက် မြေချပါမစ်မူရင်းနှင့် ဆက်စပ်စာချုပ်များအား ကျန်အမွေဆိုင် သုံးဦးဖြစ်သော ဒေါ်အေးအေးခိုင် (ခ)ဒေါ်အေးမြတ်မြတ်သူ[၁၂/လမန(နိုင်)၀၃၄၉၈၃]၊ ဒေါ်နှင်းဝေလွင်[၁၂/လသယ(နိုင်)၀၂၃၅၇၇]၊ ဒေါ်ကေသီလွင်[၁၂/လသယ(နိုင်)၀၅၈၆၇၀]တို့မှ ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်မော်မော်ခိုင် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ် ခြင်း၊ ရုံးတော်အသီးသီးတွင် အာမခံထားရှိခြင်း မပြုလုပ်ရန် ကန့်ကွက်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မော်မော်ခိုင်** | **ဒေါ်မြတ်သီဂီကျော်(LL.B,DBL)** |
| | **အထက်တန်းရှေ့နေ (စဉ်–၄၀၈၅၆)** |
| | **အင်းစိန်ခရိုင် စုပေါင်းရုံးဝင်း** |
| | **ဖုန်း–၀၉–၆၇၄၃၇၀၅၂၂၊ ၀၉–၄၄၆၈၃၇၈၃၃** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆) ရပ်ကွက်၊ ကျောက်မျက်ရတနာလမ်း၊ အမှတ်(၁၀၃၂/ခ)ဟု ခေါ်တွင်သော အကျယ်(၂၀x၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ် နေခြည်ဦး[၁၂/ဒဂတ(နိုင်)၀၀၅၈၃၇]ထံမှ ကျွန်မ ဒေါ်အိမွန်ခိုင် [၁၄/ဟသတ(နိုင်) ၃၂၇၃၁၁]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အိမွန်ခိုင်**
**[၁၄/ဟသတ(နိုင်)၃၂၇၃၁၁]**
**ဖုန်း–၀၉–၉၇၀၆၁၆၃၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ ရွှေလင်ပန်း၊ လူနေရပ်ကွက်အမှတ်(၁၅)ရပ်ကွက်၊ ဝန်ထမ်းကြီးများအိမ်ရာ၊ နေကြာလမ်း၊ မြေကွက်အမှတ်(၁၆၇)၊ (အလျား ၆၀ပေxအနံ ၈၀ပေ)အကျယ်အဝန်းရှိဦးလှကျော်[၁၄/ဒဒရ(နိုင်)၀၆၂၃၄၅]အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တင်မာလွင်[၁၂/လသယ(နိုင်)၀၄၁၈၅၁]မှ မိမိကိုယ်တိုင် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြိုင် [၁၂/မဂတ(နိုင်)၀၆၄၅၇၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေနွယ်အောင်(LL.B)အထက်တန်းရှေ့နေ(စဉ်–၅၆၈၄၇)**
**၆/၁၊ ခွာညိုလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပ**
**Ph:09–420217272, 09–964217272**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃/သမိုင်း၊ မြေကွက်အမှတ်(၃-က)၊ ဧရိယာ (၄.၄၉)ကေရှိ ၃(ခ) ရပြီးမြေကွက်အနက်မှ အကျယ်အဝန်း (၅၈ပေx၆၈ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၂၃၃) ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ (၁) ဒေါ်ခင်ဝင်းခိုင် [၁၂/သဃက(နိုင်)၁၁၅၄၃၇]၊ (၂) ဦးသက်ခိုင် [၁၂/မရက(နိုင်)၀၆၃၆၅၉]၊ (၃) ဒေါ်သီတာခိုင် [၁၂/မရက(နိုင်)၀၆၃၆၆၄]၊ (၄) ဒေါ်မိုးဝါ [၁၂/မရက(နိုင်)၁၀၇၇၂၆]၊ (၅) ဒေါ်လွင်မာခိုင် [၁၂/မရက(နိုင်)၀၀၃၉၅၃] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးအနက်မှ စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စအတွက် ကန့်ကွက်မည်ဆိုပါက အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညို့ဝင်းအောင်(ဘ)ဦးညိုလှ[၁၂/မရက(နိုင်)၁၃၄၇၉၉]နှင့် ဒေါ်ဝင်းသိင်္ဂီစော(ဘ) ဦးစောမောင်[၁၂/မရက(နိုင်)၁၃၄၈၀၀]တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသဖြင့် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိသောကြောင့် (၁၀-၈-၂၀၂၅) ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရှေ့မှောက်၌ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးညို့ဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသိန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၇၅)**
**အမှတ်(၁၂၃/၅)၊ ရွှေသဇင်လမ်း၊ အောင်ဆန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၂၀၁၆၁၇၅၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် (၈၃၂)၊ ဦးပိုင်အမှတ် (၃၀+၃၁+၃၂)အတွင်းမှ (၃၁+၃၂) ခဲစင်း၊ ၈၂-လမ်း၊ ၄၂x၄၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးစိုးလွင်(ခ)အောင်ကင်ရောင်း၊ ဦးစိုးသိန်း(ခ)အောင်ကင်ဟွပ်(ခ)အလူး၊ ဦးအောင်ကင်စိန်တို့(၃)ဦးအနက် ဦးစိုးလွင်(ခ)အောင်ကင်ရောင်းပါ (၂)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၉၉၇/၂၀၁၆)ဖြင့် လက်ခံခဲ့သူ ဦးအောင်ကင်စိန် [၉/မရတ(နိုင်)၁၀၅၃၃၁] က အမှုတွဲအမှတ် [၀၂၆၂/ ဘခွဲ(ပြောင်း)၂၀၂၅-၂၀၂၆] ဖြင့် ဘိုးဘ၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၂၂

| | | |
|---|---|---|
| **၁။ ဦးအောင်ကျော်ငြိမ်း** | နှင့် | **၁။ ဦးသောင်းကျော်ငြိမ်း** |
| **၂။ ဦးခင်ဇော်** | | **၂။ ဒေါ်ချိုချိုကျော်ငြိမ်း** |
| **၃။ ဒေါ်ယမင်းကျော်ငြိမ်း(ကိုယ်တိုင်နှင့် ၁၊ ၂ အယူခံတရားလိုများ၏ အခွင့်ရကိုယ်စားလှယ်)** | | **၃။ ဦးထွန်းကျော်ငြိမ်း(ကိုယ်တိုင်နှင့် ၁ အယူခံတရားပြိုင်၏ အခွင့်ရကိုယ်စားလှယ်)** |
| | | **၄။ ဦးဘိုဘိုကျော်ငြိမ်း** |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄ ၏ ၂၀၂၅ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ပေါက်စေတီလမ်းသွယ်(၂)၊ အမှတ်-၁၁ E နေ **အမှတ်(၁)အယူခံတရားပြိုင် ဦးသောင်းကျော်ငြိမ်းနှင့် အမှတ်(၂)အယူခံတရားပြိုင် ဦးထွန်းကျော်ငြိမ်း** (ယခုလိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုများက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ ကေတုမတီလမ်း၌ တည်ရှိနေသော

(က) မြေကွက်အမှတ်(၃၁၂၆)၊ ဧရိယာ(၄၀' × ၆၀')ရှိသည့် နှစ်(၆၀)ဂရန်တွင် ဒေါ်အေးမြမွန်(၁၀/မလမ(နိုင်)၁၈၆၂၈၂)အမည်ပေါက်မြေကွက်နှင့်

(ခ) မြေကွက်အမှတ်(၃၁၂၇)၊ ဧရိယာ(၄၀' × ၆၀')ရှိသည့် မြေချပါမစ်အမျိုးအစား ဦးကျော်ရွှေ(ZLN-065791)အမည်ပေါက်မြေကွက်တို့ကို

အရောင်းအဝယ်သဘောတူကတိစာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းထိုက်(၁၀/ကမရ(နိုင်)၀၅၈၃၆၇)က အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်(၂)ကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၄၄၅) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ်-၁၁၇၈(ခ)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ (၂၀ပေx ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးသိန်းစန်း [၁၂/ဗတထ(နိုင်)၀၃၁၆၇၅] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူ ဦးသိန်းစန်းမှ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့အား မိမိက တရားဝင်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## "ဦးဇာနည်ဝင်း(ခ)ရှိုးတီ [၇/ပခန(နိုင်)၂၅၄၇၁၇] နှင့် အများသိစေရန်"

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်ဦးပိုင်ဆိုင်သော ရန်ကုန်မြို့၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ၅၉၅ B သာယာကုန်းကွင်း၊ မြေကွက်ပေါ်ရှိ (၆၅ ပေ x ၁၀၀ ပေ)ဧရိယာကို ပိုင်းခြား၍ ၄ငှားရမ်းသူ ဦးဇာနည်ဝင်း(ခ)ရှိုးတီ (ဘ) ဦးဘမြင့် [၇/ပခန(နိုင်)၂၅၄၇၁၇] အမှတ် (၈၁၁)၊ မာလာမြိုင်(၆)လမ်း၊ ၁၆ရပ်ကွက်၊ လှိုင်မြို့နယ်မှ သုံးစွဲခဲ့သော လျှပ်စစ်မီတာကိစ္စအဝဝကို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန် ၎င်းငှားရမ်းသူနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ခိုင်**
**အထက်တန်းရှေ့နေ(စဉ်-၅၆၃၉၈)**
**Ph:09-421119865**

## အများသိစေရန်ကြေညာခြင်း

